# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၄၀)၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်၊ ၂၆–၅–၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ( ၃/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေစမ်းသပ်မှု (Soil Test) များ ဆောင်ရွက်ပြီးမှသာ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၃/၂၀၂၅)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၅

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ❖

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မေ ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**လာမည့် ၈ရက်၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဓလ

## ယနေ့ ဖတ်စရာ အညွှန်း


ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲအဆင့်သို့ ဘိုလောညာအသင်း တက်ရောက် — စာမျက်နှာ ၁၁

နှစ်(၆၆၀)ပြည့် အင်းဝ (၄)(ဆောင်းပါး) — စာမျက်နှာ ၁၇

မိုးရေစက်များကဲ့သို့ စီးဆင်းသောရေပြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင် — စာမျက်နှာ ၁၉

၂၀၂၅ ခုနှစ် ၊ ဧပြီ ၂၆ ရက်၊ စနေနေ့။

မန္တလေး

## မန္တလေးတက္ကသိုလ် ရာပြည့်သဘင် ကျင်းပမည်

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် လာမည့်အောက်တိုဘာတွင် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေးအတွက် ပညာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေး တက်ရောက်လာသူများ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး၏ စုပေါင်းအားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မိမိတို့ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍအလိုက် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် သုတေသနစင်တာရှိ အစည်းအဝေးခန်း၌ကျင်းပသည့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မန္တလေးတက္ကသိုလ် သုတေသနစင်တာရှိ သုတေသနသုံး စက်ပစ္စည်းများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်အတွက် အကျိုးရှိထိရောက်သော သုတေသနလုပ်ငန်းများတွင် စနစ်တကျအသုံးချဆောင်ရွက်နိုင်ရေး မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မန္တလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဇွန်လအမီ ကျောင်းဖွင့်နိုင်ရေး စီးစဉ်ဆောင်ရွက်ထားမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ (လမ်းခွဲ) အခြေခံပညာအထက်တန်းကျောင်း၊ ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်းများ ဇွန်လ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှ ကျောင်းသား၊ ကျောင်းသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ မီးလောင်ပျက်စီးမှုကြောင့် လာမည့် မေ ၁၆ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ဘာသာရပ်ဆိုင်ရာ ပြန်လည်သင်ကြားပေးမည့်အပြင် ပုံနှိပ်ဖတ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ကျောင်းနေအရွယ်ကလေးများအားလုံး မပျက်မကွက် ပညာသင်ကြားနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်းနှင့် ၇၂လမ်းထောင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးကြီးအတွင်းနှင့် ချမ်းမြသာစည်မြို့နယ်၊ ဈေးထွန်းတိုက်တန်း၊ အဆောင် ၇နှင့် ၈ကြား၊ မေတ္တာလူမှုကူညီရေးအသင်းရုံးရှေ့၊ သံလျက်မော်တောင်ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့်အစီအစဉ်ကို ဧပြီ ၂၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၈)၊ ညောင်ကွဲရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ၈၉လမ်းတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း၊ ဧပြီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ သင်္ဂဇာအရှေ့ပတ်လမ်းနှင့် လမ်း၃၀ထောင့်၊ အမရပူရမြို့နယ်၊ စစ်ကိုင်းလမ်း၊ ရွာသာရပ်၊ မှန်တန်း၊ မိုးကောင်းမွှာရုံအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ (ခဲပုံ)

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## ကျောက်ဆည်ခရိုင် လူထုအခြေပြု ပဟိုဌာနတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ



**ကျောက်ဆည် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယနေ့နံနက် ၉ နာရီက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။ (ယာပုံ)

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် အသက်မွေးဝမ်းကျောင်းပညာများ၊ လေ့ကျင့်သင်ကြားပေးခြင်း၊ အားပေးကူညီခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျေးလက်ဒေသထွက် ကုန်ကြမ်းများအပေါ် အခြေခံသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် မြန်မာ့ရိုးရာယွန်း၊ ရက်ကန်း၊ ပန်း ၁၀ မျိုးအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တီထွင်ဆန်းသစ်နိုင်ရေး အားပေးကူညီရန်၊ မှတ်ပုံတင်ခြင်း၏ အကျိုးကျေးဇူးများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ပေးလျက်ရှိသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (စုစုအေး)

## မိုင်းယောင်း၌ စီမံကိန်းတာဝန်ပေးအပ်ပွဲ ပြုလုပ်

**မိုင်းယောင်း ဧပြီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗလမင်းထင်ခန်းမ၌ ယမန်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် စီမံကိန်းတာဝန်ပေးအပ်ပွဲအား zoom meeting ဖြင့် ပြုလုပ်သည်။

အဆိုပါ စီမံကိန်းတာဝန်ပေးအပ်ပွဲသို့ မိုင်းယောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖ ရှေ့ဖုံးမှ

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ဧပြီ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ငလျင်ဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာ အကူအညီများနှင့် စပ်လျဉ်းပြီး လိုအပ်သည့်နေရာများကိုအမြန်ဆုံးရောက်ရှိဖြန့်ဝေပေးရန်၊ ဒေသအသီးသီးတွင်ရှိသည့် ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာန အသီးသီးက စာရင်းဇယားများကောက်ယူပြီး အမြန်ဆုံးဖြည့်ဆည်းပေးရန်၊ အများပြည်သူပိုင်လမ်း၊ တံတားပျက်စီးမှုများနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများအတွက် ရေတိုရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန်၊ ဝန်ထမ်းများကို အမြဲတမ်းအိမ်ရာများ ဆောက်လုပ်ဆဲကာလတွင် ယာယီနေထိုင်ရန်နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ကြရန်မှာကြားထားပြီးဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level – ASR Level) များအနေဖြင့် အဆင့် (၁) ဘေးအန္တရာယ်ထိခိုက်ခံရသော ဧရိယာ၏အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်မှု ရှိ/မရှိ စိစစ်ခြင်း (Wide Area Assessment)၊ အဆင့် (၂) Wide Area Assessment ဆောင်ရွက်မှုမှရရှိသော သတင်းအချက်အလက်များအပေါ် မူတည်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အပိုင်းများ ပိုင်းခြား သတ်မှတ်ကာ ဘေးအန္တရာယ်လုံခြုံမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဆင့် (၃) ဘေးဒုက္ခရောက်ရှိသော မျက်မြင်လူနာများအား ဦးစားပေးအဆင့်အတန်းအလိုက် ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ပိတ်မိနေသော လူနာများအား ရှာဖွေခြင်းနှင့် အသက်ကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့် (၄) ပြိုကျပျက်စီးနေသော အဆောက်အအုံများအတွင်း ပိတ်မိနေသော လူနာများ ၊ အသက်ရှင်ကျန်ရစ်သူများ ထပ်မံကျန်ရှိမှု ရှိ/မရှိ သေချာစေရန် ဧရိယာတစ်ခုလုံးအား ခေတ်မီနည်းပညာမြင့်ပစ္စည်းများ အသုံးပြုကာ ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အဆင့် (၅) ရှာဖွေကယ်ဆယ်ရေး နောက်ဆုံးအဆင့်အနေဖြင့် လူအင်အားအသုံးပြုပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရှာဖွေခြင်း၊ ယာဉ်/ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းတို့ကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး ဆောင်ရွက်ပြီးစီးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

**◆ အရေးပေါ်ကာလ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနောက်တွင် ရှေးဦးပြန်လည်ထူထောင်ရေး (Early Recovery) ကို အရှိန်အဟုန် မပြတ်ဆောင်ရွက်လျက်ရှိ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီကို သီးခြားဖွဲ့စည်းပြီး စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းများပြုလုပ်၍ အရောင်အဆင့်များ သတ်မှတ်ခွဲခြားကာ ရရှိလာသည့် အဆင့်သတ်မှတ်ချက်များကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)သို့ ပြန်လည်တင်ပြရမည်**

### ရှေးဦးပြန်လည်ထူထောင်ရေး အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိ

အရေးပေါ်ကာလ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနောက်တွင် ရှေးဦးပြန်လည်ထူထောင်ရေး (Early Recovery) ကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီကို သီးခြားဖွဲ့စည်းပြီး စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းများပြုလုပ်၍ အရောင်အဆင့်များ သတ်မှတ်ခွဲခြားကာ ရရှိလာသည့် အဆင့်သတ်မှတ်ချက်များကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) သို့ ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ဧပြီ ၂၅ ရက် စာရင်းများအရ သေဆုံးသူ ၃၇၆၃ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၇ ဦး၊ ပျောက်ဆုံးသူ ၁၁၀ ရှိကြောင်း၊ ငလျင်စတင်ဖြစ်ပွားသည့်အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို အကူအညီတောင်းခံမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေးအဖွဲ့များကို တစ်တပ်တစ်အား စေလွှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ယနေ့အချိန်ထိ လေယာဉ်ပေါင်း ၁၄၇ စင်း၊ သင်္ဘော ၇ စင်း၊ မော်တော်ယာဉ် ၂၃ စီးတို့ဖြင့် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ဝင်ပေါင်း ၂၀၉၅ ဦး ရောက်ရှိခဲ့ပြီး ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၂၆၃၅ ဒသမ ၉၂ တန်နှင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၁၁၉၇ ဒသမ ၁၂ တန်၊ စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန် ပေးပို့လှူဒါန်းကူညီကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ နိုင်ငံတကာ ဆေးကုသရေးအဖွဲ့အနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ယာယီဆေးရုံဆေးခန်းများ ဖွင့်လှစ်၍ အရေးပေါ်ကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။ ယနေ့အထိ နိုင်ငံပေါင်း (၆)နိုင်ငံမှ ဆေးကုသရေးအဖွဲ့ဝင်အင်အား ၃၃၇ ဦးဖြင့် စစ်ကိုင်း၊ မန္တလေးနှင့် နေပြည်တော်တို့တွင် နိုင်ငံအလိုက် အဖွဲ့များခွဲ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်း စေတနာရှင်အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲများတွင် နိုင်ငံတော်အစိုးရသို့ ပေးအပ်လှူဒါန်းမှုများ ရှိသကဲ့သို့ နိုင်ငံတကာ အလှူရှင်များအနေဖြင့်လည်း နိုင်ငံခြားငွေဖြင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန် လှူဒါန်းမှုများလည်းရှိကြောင်း၊ ပြည်တွင်း/ပြည်ပ စေတနာရှင် အလှူရှင်များမှ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ အလှူငွေများပေးအပ်ရာ ဧပြီလ ၂၄ ရက်နေ့အထိ ကျပ် ၁၁၅၈၇၆ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၇ သန်းကျော်၊ ကိုရီးယားဝမ် ၅ သန်း၊ အိန္ဒိယရူပီး ၁၅ သန်း၊ ထိုင်းဘတ် ၂ သန်းနှင့် စင်ကာပူဒေါ်လာ ၃၁၅၀ တို့အားလက်ခံရရှိထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ငွေစာရင်းသို့ ထည့်သွင်းထားရှိကြောင်း၊ ယင်းအလှူငွေများကို စနစ်တကျဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။

### လူထုစိတ်ဓာတ်ခွန်အား ဖြည့်တင်းအားပေး

နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ဧပြီ ၁၉ ရက်နေ့တွင် ငလျင်ဘေးဒဏ်သင့် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးသို့ပြန်လည်ထူထောင်ရေးနှင့် လူထုစိတ်ဓာတ်ခွန်အား ဖြည့်တင်းအားပေးနိုင်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်များတွင် ပျက်စီးသွားခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန် ဇရပ်များနှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများအား အမြန်ဆုံး ရှင်းလင်းနိုင်ရေးနှင့် ပုဂ္ဂလိက အဆင့်မြင့် အဆောက်အအုံများ၏ ပိုင်ရှင်အချို့မှာ ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများအား ပြန်လည်ရှင်းလင်းနိုင်ရေး ငွေကြေးမတတ်နိုင်မှုအပေါ် နိုင်ငံတော်မှ တတ်နိုင်သမျှ ကူညီပေးပါရန် တင်ပြချက်အရလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လက်ရှိစက်ယန္တရားများအပြင် လိုအပ်ချက်အရလည်းကောင်း၊ အဆိုပါလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးနှင့် Early Rescue အတွက် နိုင်ငံတော်ဝန်ကြီးချုပ်မှလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ် ၅၀ ဘီလီယံ၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် ၆၀ ဘီလီယံ လက်ဝယ်ပေးအပ်ခဲ့ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွက် ၁၀ ဘီလီယံနှင့် ရှမ်းပြည်နယ်အတွက် ၅ ဘီလီယံကိုလည်း ထပ်မံပေးအပ်ခဲ့ကြောင်း၊ ယင်းထောက်ပံ့ငွေကို DMC အနေဖြင့်လည်း သက်ဆိုင်ရာ ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ထိုသို့ ပေးအပ်ခြင်းမှာ ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးဖယ်ရှားနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသ အသုံးပြုနိုင်ရေး ပေးထားခြင်းဖြစ်ကြောင်း။

### စနစ်ဖြင့်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိ

ပြည်တွင်း၊ ပြည်ပထောက်ပံ့ပေးသည့် ပစ္စည်းများကို အရန်မထားဘဲ ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံး ဖြန့်ခွဲပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က ညွှန်ကြားထားကြောင်း၊ ညွှန်ကြားချက်နှင့်အညီ ပြည်ပနိုင်ငံများမှ ပေးပို့သော ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၃၈၃၃ ဒသမ ၈၄ တန်အား မိမိတို့အနေဖြင့် ရောက်/ဖြန့် စနစ်ဖြင့် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် ဧပြီ ၂၄ ရက် ကနဦးစာရင်းများအရ လူနေအိမ် ၆၃၈၅၄ လုံး၊ စာသင်ကျောင်း ၆၇၅၂ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း ၅၄၇၄ ကျောင်း၊ စေတီပုထိုး ၅၃၄၂ ဆူ၊ အခြားဘာသာရေး အဆောက်အအုံ ၆၁၃ လုံး ၊ ဆေးရုံ/ ဆေးခန်း ၅၇၆ လုံး၊ ရထားလမ်း ၅၆ ခု၊ လမ်း ၂၇၁ ခု၊ အမြန်လမ်းပိုင်း ၁၉၈ ခု၊ ဆည်/တမံ ၅၈၆ ခု ၊ တံတား ၁၇၂ စင်း၊ ထရန်စဖော်မာ ၃၅၃ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါပျက်စီးဆုံးရှုံးမှုများကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည် ခွဲခြားလျက် အဆင့်လိုက်ပြီးစီးရေး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ငလျင်နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါကူးစက်မှု ပြဿနာများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုနှင့် ပြန့်ပွားမှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေခြင်းကြောင့် ယနေ့အချိန်အထိ ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိပါကြောင်း၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် ထိခိုက်ပျက်စီးခဲ့ရပြီး အိမ်ထောင်စု ၁၂၈၉၆၅ စု၊ လူဦးရေ ၆၂၉၂၀၆ ဦး ငလျင်ဘေးကြုံတွေ့ခဲ့ကြရကြောင်း၊ DMC ၏ ဧပြီ ၂၃ ရက် စာရင်းအရ ကယ်ဆယ်ရေးစခန်း ၁၃၅ ခုကို ပြောင်းရွှေ့နေထိုင်သူ ၄၈၆၅၆ ဦးရှိခဲ့ကြောင်း၊ မိမိအစီအစဉ်နှင့် ပြောင်းရွှေ့နေထိုင်သူ ၁၅၉၂၃၉ ဦး၊ ငလျင်ဘေးသင့်ခဲ့သော်လည်း မိမိတို့၏ နေအိမ်များတွင် နေထိုင်လို့ရသည့်အတွက် ဆက်လက်နေထိုင်သူ

*စာမျက်နှာ ၄ သို့*

- ❑ **ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေသည့်ကာလတွင် ဆောက်လုပ်ရေး ပစ္စည်းများကို မူရင်းဈေးနှုန်း ထပ်မံမြှင့်တင်၍ ရောင်းချလျက်ရှိသည်ကို ကြားသိရ၊ ထို့ကြောင့် မတော်လောဘ စီးပွားရေးသမားများကို နိုင်ငံတော်က ထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်လျက်ရှိ**
- ❑ **ဆောက်လုပ်ရေးပစ္စည်းများနှင့်သက်ဆိုင်သော လိုအပ်သည့် ပစ္စည်းများကိုလည်း နိုင်ငံတော်ကစီစစ်၍ တင်သွင်းခွင့်ပြုထား**

*စာမျက်နှာ ၃ မှ*

၄၂၁၃၁ ဦးရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားခဲ့သည့် လူနေအိမ်များ၊ အလုံးစုံပျက်စီးသွားခဲ့သည့် နေအိမ်များကို နိုင်ငံတော်မှ တတ်နိုင်သမျှ ထောက်ပံ့နိုင်ရေး ဖြစ်နိုင်ခြေ တွက်ချက်တင်ပြရန် လမ်းညွှန်မှာကြားထားကြောင်း၊ ပျက်စီးခဲ့သည့် အိမ်အမျိုးအစားလိုက်နှင့် ပျက်စီးမှုအခြေအနေ၊ ရရှိသည့် DMC ရန်ပုံငွေနှင့် အလှူငွေအပြင် အလုံးစုံပျက်စီးမှု ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကုန်ကျနိုင်မည့် ငွေအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာ၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ရမည့် နှုန်းထားများကိုလည်း အမြန်ဆုံး တွက်ချက်တင်ပြနိုင်ရန် လိုအပ်ကြောင်း။

### အချိန်ယူပြင်ဆင်ရမည်

ဝန်ထမ်းများနှင့်ပတ်သက်၍ ပျက်စီးသွားခဲ့သည့် ဝန်ထမ်းအိမ်ရာများအလိုက် Level – 1 စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေး၍ နိုင်ငံတကာအသိအမှတ်ပြု အရောင် ၃ မျိုး (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်) သတ်မှတ်ချက်များကို အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်စစ်ဆေးခဲ့ပြီး ထပ်မံ၍ Level – 2 အရ အထူးစစ်ဆေးရေးအဖွဲ့များမှ စက်ကိရိယာများဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ အထူးသဖြင့် အနီရောင်နှင့် လိမ္မော်ရောင်အဆင့်သည့် အလတ်စားနှင့်အကြီးစား ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ယင်းပြင်ဆင်မှုများကို အင်ဂျင်နီယာ၊ ဘူမိဗေဒနှင့် လျှော့ပညာရှင်များ ပါဝင်သည့် အကြံပြုစစ်ဆေးရေးအဖွဲ့များ၏ အကြံပြုချက်အတိုင်း အချိန်ယူပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အပြာရောင် သတ်မှတ်ဝန်ထမ်းအိမ်ရာများကိုမူ အနည်းငယ်ပျက်စီးသည့် နံရံအုတ်မဆာလာကွာကျမှု၊ ပြတင်းတံခါးပြုပြင်မှု၊ ရေ/မီးနှင့် မိလ္လာစနစ်ပြုပြင်မှုများအတွက် မိမိအစီအစဉ်ဖြင့် လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း ပြုပြင်နိုင်ပါက ပြုပြင်ကြရန်နှင့် DMC သို့ တင်ပြဆောင်ရွက်ရန် လိုအပ်ပါက ပျက်စီးပြုပြင်ရမည့် အချက်အလက်နှင့် Estimate ပူးတွဲ၍ အချိန်မီ တင်ပြကြရန်လိုကြောင်း၊ လိမ္မော်ရောင်နှင့် အနီရောင်အဆင့်၌ နေထိုင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများအနေဖြင့် လတ်တလော မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်သော်လည်းကောင်း၊ နေထိုင်ရန် နေရာချထားပြီး ယာယီဘာရှာနှင့် ယာယီနေရာချထားပေးရန် လိုအပ်သည့် ဝန်ထမ်းမိသားစုအရေအတွက်အား အချိန်မီ ယာယီအမိုးအကာအောက် ရောက်ရှိစေရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ လက်ရှိလည်း DMC အနေဖြင့် ယာယီနေထိုင်နိုင်ရန် အတွက်လည်း ဘာရှာများနှင့် Modular House များ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောက်လုပ်ရာတွင် ယာယီဘာရှာ ဆောက်လုပ်မှု ကုန်ကျစရိတ်များကိုလည်း လိုအပ်၍ ပြန်လည်တောင်းခံလိုပါက DMC သို့ တင်ပြရန်လိုပြီး တောင်းခံရန်မလိုပါကလည်း တောင်းခံခြင်းမပြုရန် မှာကြားလိုကြောင်း၊ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများအနေဖြင့် ဧပြီ ၂၃ ရက်အထိ ၁၅၅ ကြိမ်လှုပ်ခတ်ပြီးဖြစ်ကြောင်း၊ လူမှုကွန်ရက်များတွင် ငလျင်နှင့်ပတ်သက်၍ သတင်းမှားများကို ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ဖန်တီးဖြန့်ဝေသူကိုလည်း ဖမ်းဆီးခဲ့ရကြောင်း၊ ထိုသို့ ဖမ်းဆီးရခြင်းမှာ ငလျင်ဘေးဒဏ်ခံ ပြည်သူလူထုကို ဖြေသိမ့်အားပေးရမည့်အစား တမင်ရည်ရွယ်ချက်ဖြင့် အထိတ်တလန့်ဖြစ်စေရေး ဆောင်ရွက်ခဲ့သည့်အတွက် အရေးယူရခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲ ငလျင်ငယ်လှုပ်ခတ်မှုများမှာ ပျမ်းမျှရစ်(ခ်)တာစကေး ၄နှင့်အောက် အများစုဖြစ်ပြီး ရစ်(ခ်)တာစကေး ၅ ဝန်းကျင် ၁ ကြိမ်ခန့်သာရှိကြောင်း၊ ဧပြီ ၂၃ ရက် နောက်ပိုင်းတွင် နောက်ဆက်တွဲငလျင်လှုပ်ခတ်မှု မရှိသေးပါကြောင်း၊ သို့သော် ငလျင်ဒဏ်ခံစားကြရသည့် ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှု မရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့ မြို့နယ်၊ ရပ်ကွက်များအလိုက် အသိပညာပေးကြစေလိုကြောင်းနှင့် မိမိကိုယ်ကိုမိမိ လုံခြုံရေးအတွက်မူ သတိရှိစွာဖြင့် နေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မူဝါဒများ ချမှတ်ပေးထားကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေစမ်းသပ်မှု (Soil Test) များ ဆောင်ရွက်ပြီးမှသာ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန် မြေအနေအထားကို ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ပြန်လည်ဆန်းစစ် စစ်ဆေးသွားရမည်ဖြစ်ကြောင်း၊ အသစ်ဆောက်လုပ်မည့် အဆောက်အအုံများ ငလျင်ကြောပေါ်တွင် ရောက်ရှိမနေစေရေးကိုလည်း ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကိုသာ ဆောက်လုပ်သွားကြရန်နှင့် ဆောက်လုပ်ဆဲ အဆောက်အအုံများတွင်လည်း ငလျင်ဒဏ်ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်ရန် ဒီဇိုင်းပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် ဆောက်လက်စအဆောက်အအုံ၌ ထပ်မံ၍ လိုအပ်သည့်အားဖြည့်မှုများ ဆောက်ရွက်ကြရန် လိုကြောင်း။

### အောင်မြင်စွာကျော်လွှားနိုင်မည်

ထောက်ပံ့လှူဒါန်းမှုများနှင့် ပတ်သက်၍ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ ရောင်းချနေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ ဗုဒ္ဓဘာသာလူမျိုးများအနေဖြင့် အချင်းချင်းကူညီရမည့်အစား ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေသည့်ကာလတွင် ဆောက်လုပ်ရေးပစ္စည်းများကို မူရင်းဈေးနှုန်း ထပ်မံ မြှင့်တင်၍ ရောင်းချလျက်ရှိသည်ကို ကြားသိရကြောင်း၊ ထို့ကြောင့် မတော်လောဘ စီးပွားရေးသမားများကို နိုင်ငံတော်က ထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့်သက်ဆိုင်သော လိုအပ်သည့် ပစ္စည်းများကိုလည်း နိုင်ငံတော်ကစီစစ်၍ တင်သွင်းခွင့်ပြုထားကြောင်း၊ ယနေ့အစည်းအဝေးတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများအလိုက် ပြန်လည်နေရာချထားရေး ကိစ္စရပ်များ၊ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြို့ပြစီမံကိန်းသစ်ရေးဆွဲရေးကိစ္စရပ်များ၊ ရေရရှိရေး၊ နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် MSME လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး၊ ပညာရေးဆိုင်ရာ အခြေခံပညာရေးအဆင့်၊ အဆင့်မြင့်ပညာရေးအဆင့် အသီးသီး၏ သတ်မှတ်ကျောင်းဖွင့်ရက်အမီ လုံးဝနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သော ငလျင်ဒဏ်သင့် စာသင်ကျောင်းများနှင့် စာသင်ဆောင်များ အချိန်မီ ပြုပြင်ပြီးစီးရေးနှင့် ကျောင်းဖွင့်ရာသီအမီ ကျောင်းသား၊ ကျောင်းသူများ အမိုးအကာအောက်၌ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြား၊ သင်ယူနိုင်ရေးကိစ္စရပ်များ၊ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများနှင့် Modular House များ တည်ဆောက်၍ နေရာချထားရေးကိစ္စရပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ အခက်အခဲမရှိရရှိရေး ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည်ထူထောင်ရေးကိစ္စများတွင် လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မိမိတို့ တတ်နိုင်သည်များကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်သွားမည်ဆိုပါက သဘာဝဘေးအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာတွင် ကာလတိုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၆ လ မှ ၁၂ လ အထိ၊ ကာလလတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၁ နှစ်မှ ၂ နှစ် အထိ၊ ကာလရှည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ၂ နှစ်မှ ၅ နှစ်အထိ လိုအပ်ပါက ၁၀ နှစ်အထိ စသည်ဖြင့် ဆောင်ရွက်လေ့ရှိကြသည့်အတွက် မိမိတို့နိုင်ငံ၏ အရင်းအမြစ်ပေါ်တွင် မူတည်ပြီး ကဏ္ဍခွဲခြားဆောင်ရွက်သွားမည်ဆိုပါက အမြန်ဆုံး ပြီးမြောက်အောင်မြင်သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အစည်းအဝေးတွင် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းအလိုက်၊ နယ်မြေဒေသအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့် ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ပေးနေမှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်တွင်းမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများအတွင်း ကျန်ရှိနေသည့် ပစ္စည်းများအား ကူညီရှာဖွေ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သောက်သုံးရေ ဖြန့်ဝေပေးနိုင်မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ယာယီတည်းခိုရေးစခန်းများ တည်ဆောက်၍ နေရာချထားပေးမှု၊ Medium Team ဖွဲ့စည်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများရှင်းလင်းခြင်းနှင့် ယာယီရုံးများ ဦးစားပေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အထူးအဆောက်အအုံများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ လျာထားဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ဖတ်ကြားတင်ပြ

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရန် ဘာရှာနှင့် Modular House များ ဆောက်လုပ်ပေးနေမှု၊ ဝန်ထမ်းအိမ်ရာများအား အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက် ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်နိုင်ရန် စစ်ဆေးခဲ့မှု၊ သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် နိုင်ငံတကာအကူအညီများအား စနစ်တကျစိစစ်၍ လက်ခံဆောင်ရွက်နေမှု၊ ကျွမ်းကျင်ပညာရှင်အဖွဲ့များဖွဲ့စည်း၍ ငလျင်ကြောင့်ပြောင်းလဲသွားသည့် မြေလမ်းကြောင်းအခြေအနေများအား လေ့လာသုံးသပ်ရန် လိုအပ်မှု၊ ငလျင်နှင့် ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လာမည့် ကျောင်းဖွင့်ရာသီအမီ ကျောင်းများပုံမှန် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးကွက်တွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့် စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထွေထွေဆွေးနွေးကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေး၌ အဓိကလိုအပ်သည့် ဘိလပ်မြေနှင့် ပတ်သက်၍ ငလျင်မလှုပ်မီ ဘိလပ်မြေစက်ရုံ ကိုးရုံမှ တစ်ရက်လျှင် ၃၀၇၀၀ တန်၊ ၆၁၄၀၀၀ အိတ် ထုတ်လုပ်ခဲ့သော်လည်း ငလျင်လှုပ်ပြီး နောက်ပိုင်း စက်ရုံခြောက်ရုံမှ ဘိလပ်မြေ ၁၇၁၀၀ တန်၊ ၃၄၂၀၀၀ အိတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မေလ ၁၅ ရက်နေ့တွင် ဘိလပ်မြေ ၂၂၁၀၀ တန်၊ ၄၄၂၀၀၀ အိတ် ထွက်ရှိနိုင်ရေး ထပ်မံတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ပြီး

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

စက်တင်ဘာလတွင် ဘိလပ်မြေ ၃၂၁၀၀ တန်၊ ၆၄၂၀၀၀ အိတ်အထိ ထွက်ရှိအောင် ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေ တစ်အိတ်ဈေးနှုန်းကိုလည်း တစ်အိတ်လျှင် ၁၇၀၀၀ ကျပ်ဖြင့် ဘေးသင့်အဆောက်အအုံများသို့ ရောင်းချပေးရန် သက်ဆိုင်ရာစက်ရုံများသို့ ဈေးနှုန်းသတ်မှတ်ပေးထားကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စာရင်းကောက်ယူရေးအဖွဲ့မှ တင်ပြလာသည့် ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးစာရင်းများကို စနစ်တကျပြုစု၍ ခေါင်းစဉ်များအလိုက် တင်ပြရန်၊ ငလျင်ဒဏ်ခံနိုင်မည့် ဒီဇိုင်းများကို နိုင်ငံတကာ အကူအညီဖြင့် လေ့လာဆည်းပူးဆောက်လုပ်ရန်၊ ပြည်တွင်းပြည်ပကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများကို စနစ်တကျ လက်ခံသွားရန်နှင့် ဖြန့်ခွဲရာတွင် စနစ်တကျ သံသယကင်းစွာဖြင့် ဆောင်ရွက်သွားကြရန်၊ ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာ၌ နိုင်ငံတော်မှ ပေးအပ်ထားသည့် ထောက်ပံ့ငွေများကို အဓိကလိုအပ်သည့်နေရာများတွင်သာသုံးစွဲရန်၊ ငလျင်ဒဏ်သင့် အဆောက်အအုံများကြံ့ခိုင်မှုကို တိုင်းတာသည့် ကိရိယာများ ဝယ်ယူရေး တင်ပြဆောင်ရွက်ရန်၊ အရောင်အဆင့်အလိုက် သတ်မှတ်ထားသည့် အဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်သွားရန်၊ ပြည်ပမှ နှောင်ကြိုးမဲ့ အကူအညီများကို စိစစ်လက်ခံသွားရန်၊ MSME လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး လိုအပ်ချက်များနှင့် နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းပေးရမည့်အချက်များ၊ ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်ရန် ဘာရာများနှင့်တွဲလျက် ယာယီရေချိုးခန်းများကိုလည်း ကျား၊ မ သပ်သပ်ခွဲကာ လုံခြုံစွာ ဆောင်ရွက်ပေးရန်၊ ဘိလပ်မြေနှင့်ပတ်သက်၍ စက်ရုံများအလိုက် တစ်ရက်ထုတ်လုပ်ရရှိနိုင်မည့် အိတ်အရေအတွက်ကိုလည်း အသေးစိတ်တွက်ချက်၍ လက်ရှိလည်ပတ်နေသည့် စက်ရုံများအလိုက် ထုတ်လုပ်ပြီး ဘိလပ်မြေများကို ငလျင်ဘေးဒဏ် အဓိကခံခဲ့ရသည့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပတ်ပြတ်သတ်မှတ်၍ ရောင်းချပေးနိုင်ရေး အသေးစိတ်စိစစ်၍ ပြန်လည်တင်ပြရန်နှင့် ထုတ်လုပ်မှု၊ ပျက်စီးစက်ရုံပြုပြင်မှု ပြီးစီးမည့် ခန့်မှန်းကာလနှင့် ပျက်စီးစက်ရုံများအားလုံး ပြုပြင်ပြီးပါက စုစုပေါင်းထွက်ရှိမည့် တစ်ရက်ဘိလပ်မြေအိတ်ပမာဏတို့အား သတင်းထုတ်ပြန်ပေးသွားရန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ဆုံးမှုများနှင့် ပတ်သက်၍ မိမိအစီအစဉ်ဖြင့် နေထိုင်သူမိသားစုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံးပြုလုပ်နိုင်ရေး ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များမှ နိုးဆော်၍ အမြန်ဆုံးပြုလုပ်ပေးရန်၊ မကြာမီရောက်ရှိလာမည့် တရုတ်နိုင်ငံမှကူညီထောက်ပံ့သည့် စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီ) တန်ချိန် ၅ သောင်းရောက်ရှိပါက ဖြန့်ခွဲအသုံးပြုမည့် လျာထားချက်ကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ ကြိုတင်တင်ပြရန် လိုအပ်သလို ရေကြောင်းခရီးဖြင့် ရောက်ရှိလာမည့် Container Modular များနှင့် အခြားသော ထောက်ပံ့ရေးပစ္စည်းများအား ကုန်ရထားဖြင့် ရန်ကုန်မှ နေပြည်တော်၊ မန္တလေးအထိ ပို့ဆောင်နိုင်ရေးကိုလည်း ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် လှူဒါန်းသည့်ပစ္စည်းများ လက်ခံ၊ ဖြန့်ဝေရေးလုပ်ငန်းကော်မတီတို့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် နောင်အစည်းအဝေးများတွင် မိမိ၏ဝန်ကြီးဌာနတစ်ခုအတွက်သာမက ငလျင်ဒဏ်သင့်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးအတွက်ပါ ထည့်သွင်းစဉ်းစား၍အကြံပြုဆွေးနွေးကြရန် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

> ❂ မကြာမီရောက်ရှိလာမည့် တရုတ်နိုင်ငံမှကူညီထောက်ပံ့သည့် စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) တန်ချိန် ၅ သောင်းရောက်ရှိပါက ဖြန့်ခွဲအသုံးပြုမည့် လျာထားချက်ကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ ကြိုတင်တင်ပြရန် လိုအပ်သလို ရေကြောင်းခရီးဖြင့် ရောက်ရှိလာမည့် Container Modular များနှင့် အခြားသောထောက်ပံ့ရေးပစ္စည်းများအား ကုန်ရထားဖြင့် ရန်ကုန်မှ နေပြည်တော်၊ မန္တလေးအထိ ပို့ဆောင်နိုင်ရေးကိုလည်း ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် လှူဒါန်းသည့်ပစ္စည်းများ လက်ခံ၊ ဖြန့်ဝေရေးလုပ်ငန်းကော်မတီတို့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လို

သတင်းစဉ်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၃၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးမြင့် အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၃၄ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းအောင်အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ငလျင်ဘေးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများအတွက် Steel Structure ယာယီအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ ငလျင်ဘေးကြောင့်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုများနေထိုင်ရန်အတွက် ဝန်ကြီးဌာန အင်ဂျင်နီယာအဖွဲ့မှ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်နေသည့် Steel Structure ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် အဆိုပါယာယီအဆောက်အအုံများ အတွင်းဝန်ထမ်းများနေထိုင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။





ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုများအား ယာယီဖွင့်လှစ်ထားရှိသည့် သဘာဝဘေးယာယီတည်းခိုရေးစခန်းများမှ Steel Structure ယာယီအဆောက်အအုံများသို့ အမြန်ဆုံးပြောင်းရွှေ့နေရာချထားနိုင်ရေး၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဆောင်ရွက်သွားကြရန်၊ ယာယီအဆောက်အအုံများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ နေထိုင်စားသောက်မှုများကို ကျန်းမာရေးနှင့် ညီညွတ်စေရေး အလေးထား စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ပြီး ယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်မှု၊ ယာယီအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရေချိုးခန်းနှင့် အိမ်သာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေး





နေပြည်တော် ဧပြီ ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုလို သဘာဝဘေးအန္တရာယ်ကို မမျှော်လင့်ဘဲ ကြုံတွေ့ရသည့်အချိန်တွင် ကြုံတွေ့ရသည့်အခက်အခဲများကို သင်ခန်းစာယူပြီး ကြံ့ကြံ့ခံနိုင်ရန်နှင့် ကျော်လွှားနိုင်ရန်၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်၊ ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မိဘ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေဆုံးရှုံးမှုများကြုံရပြီး ဝမ်းနည်းပူဆွေးစရာများဖြစ်ရသော်လည်း ခံနိုင်ရည်မကျသွားရန် ပြောကြားလိုကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုတွင် သဘာဝဘေးအန္တရာယ် (ငလျင်ဘေး၊ ရေဘေး၊ မုန်တိုင်းဘေး) မျိုးစုံ ကြုံတွေ့နေရကြောင်း၊ ယခု မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့် ငလျင်ဒဏ်ကို အုပ်ချုပ်ရေးမြို့တော်အပါအဝင် ဒေသအများအပြားတွင် ခံစားရသည့်အတွက် နိုင်ငံတော်အနေဖြင့် ကူညီကယ်ဆယ်ထောက်ပံ့ရေးကိစ္စရပ်များကို ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ထမ်းများ နေထိုင်စားသောက်ရေးကိစ္စရပ်များကို အစွမ်းကုန်ဆောင်ရွက်ပေးနေကြောင်း၊ ယခုဆိုလျှင် ငလျင်လှုပ်ခတ်ပြီး တစ်လခန့်ရှိပြီဖြစ်၍ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများနှင့် ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့် လုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ လတ်တလောကြုံတွေ့နေရဆဲ အခက်အခဲများရှိက တင်ပြနိုင်ရန်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် တင်ပြကြရန်နှင့် အတတ်နိုင်ဆုံး စုပေါင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဦးစီးဌာနအလိုက် ဝန်ထမ်းများက ၎င်းတို့၏ လိုအပ်ချက်များကိုတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်စကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# မန္တလေးငလျင်ကြီး ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၅

မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့တွင် ဦးမြတ်ဦး+ဒေါ်ခင်ဦး မိသားစုက ငွေကျပ်သိန်း ၅၀၀ နှင့် မန္တလေးအခြေစိုက် ရှမ်းနီလူမှုရေးအသင်းက ငွေကျပ်သိန်း ၁၅၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



မုံရွာ ဧပြီ ၂၅

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီအနေဖြင့် ပြိုင်ပွဲ စ၊ လယ်၊ ဆုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ဒိုင်လူကြီးများကလည်း တရားမျှတစွာ ကြိုးကြပ်ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ပြိုင်ပွဲဝင်ကစားသမားများကလည်း ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများအား တိကျစွာ လေးစား လိုက်နာသွားကြရန်နှင့် အရည်အချင်းပြည့်ဝသည့် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစား အသင်းများမှ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အသင်းအုပ်ချုပ်သူများထံ လေ့ကျင့်ရေးဘောလုံးများ ပေးအပ်ကြသည်။ (အပေါ်ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မုံရွာခရိုင် ဘောလုံးအသင်းနှင့် ကလေးခရိုင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြရာ မုံရွာခရိုင်အသင်းက ကလေးခရိုင်အသင်းအား နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှ မေ ၁၁ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခရိုင်မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း၊ အသင်းအုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင် အားကစားသမား ၂၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာန အဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများအပါအဝင် အခြားအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည် -

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉၆၉၆၀၀၆၉၉၉)။

(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊(၀၉၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်ယာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ

## မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်းခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၂၅

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးငလျင်ကြီးကြောင့် အသေးစားကုန်ထုတ်လုပ်ငန်း ပျက်စီးခဲ့မှုနှင့် ပြန်လည်လည်ပတ်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ပျက်စီးခဲ့မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ကွမ်းခြံစု ကျေးရွာရှိ အဂ္ဂဂေဟာပန်းပု လုပ်ငန်းသို့ရောက်ရှိပြီး ပန်းပုလုပ်ငန်း အဆောက်အအုံများ ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြုပြင်ပြီး လုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ပျဉ်းမနားမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေဥဒေါင်းပဲခွဲစက် (ဝဲပုံ)နှင့် ပဲကြော် ပဲလှော်လုပ်ငန်းသို့ ရောက်ရှိပြီး အဆောက်အအုံနှင့် ပဲလှော်ဖိုများ ပျက်စီးခဲ့မှုနှင့် လုပ်ငန်းများ ပြန်လည် လည်ပတ်ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံများ၊ နွားခြံနှင့် ကြက်ခြံပျက်စီးမှု အခြေအနေကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အပ်ချုပ်စက်သင်တန်းဆင်းသူများ ဖွင့်လှစ်ထားသည့် ယွန်းမီအပ်ချုပ်ဆိုင်ကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ပိုမိုအောင်မြင်စေရေး စုပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


○ စာမျက်နှာ ၂၄ မှ

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။


သို့ဖြစ်၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




## ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရမည်းသင်း ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၄ရက် နံနက် ၁၀နာရီက ကောင်းမြတ်သုခဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်နှင့် တပ်ဖွဲ့ဝင်များ၊ ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသူရလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ ဦးစီးအရာရှိများ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကောင်းမြတ်သုခဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးကျော်ကျော်ထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ ငလျင်ဘေးဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)(၀၅၇)



✱–✱–✱–✱–✱–✱

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၅

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း / အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ရွှေမုဋ္ဌောစေတီတော်ကြီးရှိ အပျက်အစီးများအား ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့်ဥမင်သုံးဆယ်စေတီများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ အရံစေတီများအား ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ ဆေးကုသပေးနေမှုကို ကြည့်ရှုစဉ်။

စေရန်အတွက် တပ်မတော်ရေသန့်စက်ရုံတို့မှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကိုလည်းကောင်း၊ သောတပန်ရပ်ကွက်၊ သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဒဏ်သင့် သံဃာတော်များ၊ သာသနာ့ဗယ်ဝင်သီလရှင်များနှင့် ပြည်သူများအတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ လိုအပ်သည့်ဆေးကုသပေးနေမှုများကို လည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော လူနေအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိမြို့နယ်အားကစားခန်းမ၌ ငလျင်ဒဏ်သင့် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံ/ ထုတ်ပေးရေးဌာနမှ ကယ်ဆယ်ရေးပစ္စည်းကို လည်းကောင်း၊ တကောင်းရပ်ကွက်၊ စကုမော်ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိ ငလျင်ဘေးသင့် ပြည်သူများ နေထိုင်စားသောက်မှုအခြေအနေများ ကို လည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ပြိုကျပျက်စီးနေမှုများကို ဖယ်ရှားရှင်းလင်းနေမှုနှင့် (၂၀၂၅-၂၀၂၆)ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများစိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော မဟာနက်ဝိုင်ဖိုင်ရုံးအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစဉ် အဆောက်အအုံအတွင်းမှ ငွေကျပ်သိန်း ၁၀၀ နှင့် လက်ကိုင်ဖုန်းငါးလုံးကို တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်တို့သည် ကျောက်ဆည်မြို့ စကြီးရပ်ကွက် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျင်းပပြုလုပ်သော ကျောက်သေတ္တာကြီးအား ပြန်လည်မွမ်းမံပြင်ဆင်မည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်တို့သည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဒေါက်တာယုမောင်နှင့်အဖွဲ့များ၊ တာဝန်ရှိသူများနှင့်အတူ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှုအခြေအနေများ၊ လက်ရှိတည်ရှိနေမှုအခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများအား အသေးစိတ်ကြည့်ရှုစစ်ဆေးခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့်နည်းလမ်းများဆွေးနွေးခြင်း၊ ကျောက်သေတ္တာကြီး တည်ရှိရာ ရွှေသာလျောင်းတောင်စောင်းပေါ်သို့ တက်ရောက်၍ မြေပြင်အခြေအနေ အသေးစိတ်စစ်ဆေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့် ရွှေသာလျောင်းဘုရားမုခ်ဦး ဖြိုဖျက်နေမှု၊ ဈေးဆိုင်ခန်းများရှင်းလင်းနေမှု၊ လမ်းနှင့်မလွတ်ကင်းသော ထရန်စဖော်မာအား နေရာပြောင်းရွှေ့ဆောင်ရွက်နေမှုများနှင့် ရွှေမုဋ္ဌောစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ရေနှားဘုန်းတော်ကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား သန့်ရှင်းရေးပြုလုပ်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ကာရေနှားကျောင်းဆရာတော်အား အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် တံစိုးလမ်းပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၁၆၅၄ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့်အဆောက်အအုံ ၁၄၁၉ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၃၅ လုံးမှ အဆောက်အအုံ ၁၆၇ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၈ လုံးဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး ဘုရားကြီး၏ အရှေ့ဘက် စမြင်နေရာအား ယာယီဒေါက်တိုင်များ ထောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၏ ထီးတော် ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုအခြေအနေများ၊ ကျောက်စာတိုက်နေရာ၊ ခြေတော်ရာနေရာနှင့် CCTV များ ပြန်လည်တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၊ ဘုရားနီဆုတောင်းပြည့်ဘုရား၊ အမ်ဘီကာမယ်တော်ကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ထိပ်စုကြီးမြတ်စွာဘုရား၊ ချမ်းမြသာစည်မြို့နယ်ရှိ ဂရိတ်ဝေါ(လ်) ဟိုတယ်၊ နန်းမြို့ရိုးနေရာများသို့ သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများ၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သန့်ရှင်းရေးဆောင်ရွက်နေသည့်အဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီဆုတောင်းပြည့်ဘုရားအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

# ဈေးကွက်အတွင်း ဘိလပ်မြေဈေးနှုန်းများ အဆမတန်ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၂၅**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီး လှုပ်ခတ်မှုနှင့် ဆက်စပ်၍ ဈေးကွက်၌ ဘိလပ်မြေ ဝယ်လိုအား မြင့်တက်ခဲ့သဖြင့် အဆမတန် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း မရှိစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ မြို့ကြီးအချို့တွင် ရောင်းဝယ်လျက်ရှိသည့် ဆောက်လုပ်ရေးပစ္စည်းဆိုင်များကို တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များက ဧပြီ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

## အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၅၉ ဆိုင်နှင့် ဂိုဒေါင်တစ်လုံးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၄ မြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၈၇ ဆိုင်နှင့် ပြည်ပမှ ဘိလပ်မြေ တင်သွင်းရောင်းချသည့် ကုမ္ပဏီသုံးခုတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၈၈ ဆိုင်တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့နယ်မှ ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင်လေးဆိုင်တို့ကိုလည်းကောင်း၊ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၁၉ ဆိုင်တို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင် ၅၉ ဆိုင်တို့ကို လည်းကောင်း ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ စုစုပေါင်း ဆောက်လုပ်ရေး ပစ္စည်းဆိုင် ၃၂၀ ကို စစ်ဆေးတွေ့ရှိချက်များအရ ဝယ်ရင်းဈေးထက် အမြတ်ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ အမြတ်ယူရောင်းချလျက်ရှိသည့် ဆိုင် ၃၀၊ ဝယ်ရင်းဈေးထက် အမြတ်ရာခိုင်နှုန်း ၁၅ ရာခိုင်နှုန်းနှင့်အထက် အမြတ်ယူရောင်းချလျက်ရှိသော ဆိုင် ၃၂ ဆိုင်နှင့် ဘိလပ်မြေအိတ်များအား မသမာသည့် နည်းလမ်းဖြင့် ပြုလုပ်ရောင်းချသည့် တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း ရတနာသီရိရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ပြည့်စုံအောင်အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်ပိုင်ရှင် စိုးတင့်အောင်အပါအဝင် ရှစ်ဦးတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အိမ်ဆောက်ပစ္စည်းများကို ဈေးနှုန်းမြင့်မားစွာ မြှင့်တင်ရောင်းချသူများကိုလည်း ဆက်လက် ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**















# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၅

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံ (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွက် အလှူငွေများပေးအပ်ပြီး ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသူများအား တစ်ဦးချင်းကြည့်ရှုအားပေးစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း ဆေးကုသမှုခံယူလျက်ရှိသူများအား စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေပေးအပ်စဉ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများအား လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ တံတားဦးမြို့နယ်၊ မိုးကုတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မုံရွာမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ နောင်ချိုမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၃၀ နှင့် အမျိုးသမီး နှစ်ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် Type-81 အမျိုးအစား သေနတ် ငါးလက်၊ ၎င်းကျည်အိမ် ၁၃ ခု၊ ၉၀၀ ကျည်တောင့်နှင့် လက်ပစ်ဗုံး ငါးလုံးတို့ကို အပ်နှံကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ငါးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၅၀၊ လက်ပစ်ဗုံး ငါးလုံးအတွက် ငွေကျပ် သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအတွက်ငွေကျပ်သိန်း ၁၄၀ တို့ကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ၎င်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သာစည်မြို့နယ်နှင့် မူဆယ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၅

သာစည်မြို့နယ်နှင့် မူဆယ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၃ ရက် ည ၁၀ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာ အနီးတွင် တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မမြင့်မြင့်ခိုင်(ခ)မခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀) ကိုလည်းကောင်း၊ အလားတူ ဧပြီ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်တွင် ကျော်ဆန်းလင်း(ခ)အငဲ မောင်းနှင်ပြီး ဇော်ထက်(ခ)ငပိန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ (ဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း)ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မမြင့်မြင့်ခိုင်(ခ)မခိုင် အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## PDF Game

## ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ကျောက်သေတ္တာစေတီတော်အား လက်ရှိအတိုင်း ခိုင်ခံ့စေရေး ထိန်းသိမ်းဆောင်ရွက်မည့်နည်းလမ်းများအတွက် သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ ဘူမိဗေဒပညာရှင် ဒေါက်တာယုမောင်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် မန္တလေး ငလျင်ကြီးကြောင့် ကျောက်ဆည် မြို့ ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားခဲ့ရာ လက်ရှိအတိုင်း ခိုင်ခံ့စေရေးနှင့် ဘေးပတ်ဝန်းကျင် အန္တရာယ်မဖြစ်ပေါ်စေရေး ထိန်းသိမ်းဆောင်ရွက်မည့် နည်းလမ်းများအတွက် ယနေ့ နံနက်ပိုင်းက သွားရောက်၍ အနီးကပ်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးငလျင်ကြီးကြောင့် ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာကြီးမှာ မူလ အခြေအနေမှ တိမ်းစောင်းသွားမှု အခြေအနေ၊ လက်ရှိတည်ရှိနေမှု အခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသည့် Video Clip များ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု၍လည်းကောင်း၊ ရွှေသာလျောင်း တောင်ပေါ်ရှိ ကျောက်သေတ္တာစေတီတော်အား အနီးကပ်မြေပြင် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် ကျောက်သေတ္တာစေတီတော် လက်ရှိအတိုင်း ခိုင်ခံ့စေရေး၊ မွမ်းမံပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)


၀-၀-၀-၀-၀















သတင်း-စာမျက်နှာ ၁၂







# ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးခဲ့သော ပြောင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ဧက အားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း၂၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ဧပြီ ၂၄ ရက်တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဖူးစားပြောင်းဖူးရေ ၁၅၀၂၅ ဖူး ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံရာသီက ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာဖူးစားပြောင်းစိုက်ဧကအားလုံးကို ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့နဲ့ အရည်အသွေးပြည့်ဝတဲ့ ဖူးစားပြောင်းများ ရရှိဖို့အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ အစားအစာဘေးကင်းလုံခြုံစေဖို့ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး စသည့် တောင်သူပညာပေးတာတွေကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ သင်တန်းများနှင့် ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဖောငမြှောင်တောင်ပိုးနှင့် ဘက်စုံသီးနှံကာကွယ်ရေးနည်းပညာပေးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၄၅)



# စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ပခုက္ကူ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဧပြီ ၂၄ ရက် နံနက် ၁၀နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် စာရေးဆရာအောင်ဝင်း(မျိုးချစ်သူ-ရေစကြိုသား)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ပခုက္ကူမြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာ နေဦးမောင်က "အရှင်ရာဟုလာ၏ တော်ဝင်စိတ်ထားများအကြောင်း"ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းဝင်စာရေးဆရာ၊ ဆရာမများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၃၄၀)

# စာကြည့်တိုက်အခြေခံပညာသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် ဧပြီ ၂၅**

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်စေရန်နှင့် စာကြည့်တိုက်နှင့်ပတ်သက်သော အခြေခံပညာရပ်များသိရှိစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Cen-tre)တွင် စာကြည့်တိုက်အခြေခံပညာသင်တန်းကို ဧပြီ ၂၄ ရက် နံနက် ၁၀နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါစာကြည့်တိုက် အခြေခံသင်တန်းတွင် သင်တန်းနည်းပြအဖြစ် ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်နှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီတို့က စာကြည့်တိုက်တွင် စာအုပ်စာရင်း ရေးသွင်းနည်းများ၊ DLMS နှင့်ပတ်သက်သောအကြောင်းအရာများကို ပြင်ဦးလွင်ခရိုင်ရုံးမှ ဝန်ထမ်းများအား သင်ကြားပေးခဲ့သည်။

စာကြည့်တိုက်အခြေခံပညာသင်တန်းကို နှစ်ရက်ကြာသင်ကြားပို့ချပေးခဲ့ပြီး အဆိုပါသင်တန်းတွင် ပြင်ဦးလွင်ခရိုင်ရုံးမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၂ဦး ပါဝင်တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

# အခြေခံပညာ ဆရာ၊ ဆရာမများအား ကာယသင်တန်းဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပညာရေးဦးစီးဌာန မြို့နယ်ပညာရေးမှူး၏ကြီးကြပ်မှုဖြင့် အခြေခံပညာ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖြစ်သည့် ကာယသင်တန်း ဖွင့်လှစ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါကာယသင်တန်းတွင် တက်ရောက်သင်ကြားလျက်ရှိသော ဆရာ၊ ဆရာမများက ကျောင်းဖွင့်သည့်အချိန်တွင် မူလတန်းလွန်ကျောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား ကျန်းမာကြံ့ခိုင်ပြီး အားကစားကို စိတ်ဝင်စားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး နည်းပြဆရာ၊ ဆရာမ သုံးဦးတို့က ဆရာ၊ ဆရာမ ၇၁ဦးတို့အား ကိုယ်လက်ကြံ့ခိုင်ရေးအတွဲအမှတ်(၃)၊ အမှတ်(၄)နှင့် Fitness Dance တို့ကို ၃ရက်ကြာ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**တံတားဦး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် တံတားဦခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့၏ဦးဆောင်မှုဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တံတားဦးမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူ များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်း ရေးကို ယနေ့ နံနက် ၇ နာရီ က အဆိုပါပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော် ငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန်းနိုင်ဦးနှင့် တာဝန်ရှိသူ များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ ဆေးရုံမှ ဝန်ထမ်းများနှင့်အတူ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်များ၊ ပေါင်းပင်၊ မြက်ပင် များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း တို့ကို စုပေါင်းဆောင်ရွက်ကြပြီး ထွက်ရှိလာသော အမှိုက်သရိုက် များနှင့် ချုံနွယ်များကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက် သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ် ကြသည်။

စုပေါင်းသန့်ရှင်းဆောင်ရွက် ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ အဆိုပါ သန့်ရှင်းရေးပြုလုပ်ခြင်းကို မြို့နယ် အဆင့်ဝန်ထမ်းများနှင့် လူမှုရေး အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၂၀ ဦး တက်ရောက်ဆောင်ရွက် ကြကြောင်း သိရသည်။

(အောက်ပုံ)(၄၀၉)



## ကလေးစာဖတ်ခန်း၌ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**တာလေ ဧပြီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် နွေရာသီကျောင်း ပိတ်ရက်များတွင် လူငယ်များ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက် စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ရုံးရှိ ကလေးစာဖတ်ခန်း၌ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေး များအား ပြိုင်ပွဲစည်းမျဉ်း၊ စည်း ကမ်းများကို ရှင်းလင်းပြော ကြားပြီး ပန်းချီဆေးရောင်ခြယ် ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား လူငယ်ကိုးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ သည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားလူငယ် များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲ ဝင်ကလေးများအား အာဟာရ ဖြည့်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ချင်းတွင်းမြစ်ကမ်းနားလမ်းရှိ မြေထိန်းတာပေါင် ပြုပြင်ထိန်းသိမ်း

**ခန္တီး ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ချင်းတွင်းမြစ်ကမ်းနား လမ်းရှိ မြေထိန်းတာပေါင်ကို ပြုပြင်ထိန်းသိမ်းထားကြောင်း သိရသည်။

မြေထိန်းတာပေါင် ပြုပြင် ထိန်းသိမ်းသည့်လုပ်ငန်းကို ဧပြီ ၂၄ ရက်က ဆောင်ရွက်ခြင်းဖြစ် ပြီး မိုးတွင်းကာလတွင် ရေကြီးရေ လျှံမှု မဖြစ်ပွားမပေါ်ပေါက်စေ ရေး၊ မြို့အတွင်းရေများ ဝင် ရောက်မှုမရှိစေရေးအတွက် ပြုလုပ် ခြင်းဖြစ်သည်။



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ ရပ် ကွက်နေပြည်သူများ ပူးပေါင်း၍ ပြိုပျက်နေသည့် ချင်းတွင်းမြစ် ကမ်းပါးအတွင်း၊ အပြင်၌ မြေဖို့ ခြင်းလုပ်ငန်းများ၊ မြေထိန်းနံရံ ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်းသိရသည်။ (ဝဲပုံ)

(၃၉၄)



## ကြက်သွန်နီအသစ် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မကွေး ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် တွင် ကြက်သွန်နီအသစ် လှိုင်လှိုင် ပေါ်နေရာ အရောင်းအဝယ်ကောင်း မွန်လျက်ရှိသည်။

"ဆောင်းရာသီစိုက် ကြက် သွန်နီအသစ်တွေ ပေါ်စမှာ ပိဿာ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ငွေကျပ် ၁၁၀၀၀၀၊ ငွေကျပ် ၁၁၅၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိတယ်" ဟု ရေနံချောင်းမြို့နယ်ရှိ ကြက် သွန်နီတောင်သူတစ်ဦးက ပြော သည်။

ကြက်သွန်နီ ဈေးအေးနေ၍ ငွေလိုသူ တောင်သူအချို့သာ ထုတ်ရောင်းကြပြီး လက်လီ ရောင်းချသည့်ဈေးသည်များနှင့် စားသောက်ဆိုင်များကိုသာ ရောင်း ချကြသည်။

ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီသည် ပင်စိုက် ကြက် သွန်နီဖြစ်၍ တစ်နှစ်လုံး အထားခံ သည့်အတွက် ဈေးကောင်းကို မျှော်လင့်၍ရကြောင်း ၎င်းထံမှ သိရသည်။

ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီကို ပင်းချောင်းမှ ရေ လွှဲ၍ ဆောင်းရာသီ ဒီဇင်ဘာလ ကနေစတင်ပြီး စိုက်ကြကာ ဧပြီ လတွင် နုတ်သိမ်းသည်။

ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီ ရာခိုင်နှုန်းပြည့် နုတ် သိမ်းပြီးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၇၂)

၀-၀-၀-၀-၀-၀-၀



## မြေငလျင်ဒဏ်ကြောင့် ယိမ်းယိုင်သွားသည့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၁၁ ကေဗွီ ဓာတ်အားလိုင်း ကွန်ကရစ်တိုင်များ ပြန်လည်တည့်မတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိတ္ထီလာ ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်း မြေငလျင် ဒဏ်ကြောင့် ယိမ်းယိုင်သွားသည့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ သော ၁၁ ကေဗွီ ဓာတ်အားလိုင်း ကွန်ကရစ်တိုင်များ ပြန်လည် တည့်မတ်ခြင်း လုပ်ငန်းဆောင် ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း မိတ္ထီလာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲ လင်းကိုကို ဦးဆောင်သော အဖွဲ့ သည် မတ် ၂၈ ရက်က လှုပ်ခတ် ခဲ့သော မန္တလေးငလျင်ကြီးကြောင့် မိတ္ထီလာမြို့နယ်အတွင်း ဓာတ် အား ဖြန့်ဖြူးပေးလျက်ရှိသော ၁၁ ကေဗွီဓာတ်အားလိုင်း ကွန်ကရစ် တိုင်များ ယိမ်းယိုင်သွားခြင်းအား ပြန်လည်တည့်မတ်ခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိရာ ၎င်း လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ မြို့ နယ်အတွင်း လျှပ်စစ်ဓာတ်အား များ ပြန်လည်ဖြန့်ဖြူးပေးလျက် ရှိကြောင်း သိရသည်။



(ဝဲပုံ)(၄၆၉)

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ




**မိတ္ထီလာ ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခရိုင်အဆင့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို သက်ဆိုင်ရာ ဌာနများအလိုက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အမှာစကားပြောကြားသည်။

ထို့နောက် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များသို့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၃)

## မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော အပျက်အစီးများအား ရှင်းလင်းဖယ်ရှား

**မန္တလေး ဧပြီ ၂၅**

မန္တလေးငလျင်ကြီးကြောင့် အမရပူရမြို့နယ် ရတနာပုံ တက္ကသိုလ်အတွင်း ပျက်စီးသွားသော အပျက်အစီးများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဒုတိယဌာနမှူး ဦးရဲကျော်စွာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူး ကျော်တေဇ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွန်းနှင့် ဝန်ထမ်း ၅၉ ဦး၊ မြို့နယ် မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးအောင်မျိုးထက်နှင့် တပ်ဖွဲ့ဝင် ၂၅ ဦး၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)မှ ဦးကျော်ကြီးနှင့် အဖွဲ့ဝင် ၂၀ ဦးတို့က ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။



(ယာပုံ)

(၀၈၂)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့ ။

## ငလျင်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်

**သရက် ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ငလျင်ဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်း အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များအနက် ငလျင်အန္တရာယ်သည် ပျက်စီးဆုံးရှုံးမှု ကြီးမားသည့် ဘေးအန္တရာယ် အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ငလျင်လှုပ်ခတ်မှုများသော ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်ကာ မြန်မာနိုင်ငံတွင် စစ်ကိုင်းပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့နှင့် ငွေးချိုတွန်းတင်ပြတ်ရွေ့စသည့် ပြတ်ရွေ့များလည်း တည်ရှိနေသောကြောင့် အင်အားပြင်းထန်သော ငလျင်များ အချိန်မရွေး၊ နေရာမရွေး ဖြစ်ပေါ်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက ငလျင်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ပြောကြားပေးခဲ့ပြီး ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်နိုင်ဦးက ငလျင်ဘေးဖြစ်ပွားချိန်တွင် ဆောင်ရွက်ရမည့် နည်းလမ်းများအား အသိပေးခြင်းနှင့် ဝပ်၊ကာ၊ကိုင် သရုပ်ပြမှုများဖြင့် သရုပ်ပြသပေးခဲ့သည်။

ဆက်လက်၍ ငလျင်လှုပ်ခတ်နေပြီဖြစ်တဲ့အတွက် အခန်းများအတွင်းမှ သက်ဆိုင်ရာစုရပ်များကို အလျင်အမြန် ပြေးထွက်ခြင်းနှင့် ဝပ်၊ ကာ၊ ကိုင် သရုပ်ပြသခြင်း၊ ဘေးကင်းရာစုရပ်ကို အမြန်ဆုံးပြေးသည့် သရုပ်ပြသခြင်းများနှင့် ငလျင်လှုပ်ခတ်သွားသည့် အခန်းများကို မီးသတ်ဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသဆောင်ရွက်ခဲ့ကြပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဒဏ်ရာရလူနာများကို ရှေးဦးပြုစု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

ဇော်ထက်(သရက်)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မြတ်သော လူ့လမ်း လှမ်းပါလေ

* လောဘနှင့် မောဟမှုကိုပ
စွဲမက်ပြု လူရယ်မည် ။
ဆန္ဒအပေါ် တဏှာဖုံး
ပျက်သုဉ်းစေသည် ။
ကူးဖို့ခက် မလွယ်ပြီ
စုန် ၊ ဆန်ချီ စိတ်ဆောင်အား ။
ရှင်သန်ကာ မောဟပိုက်လို့ရယ်
သိဉာဏ်မိုက်မှား ။

* ခံမင်ပေ့ါ အသွေးအသားနဲ့
အသိတရား ပျက်သုဉ်းထန် ။
ဒေါသကြောင့် အချိန်မလင့်
ဝင့်ကြွေးသင့်ပြန် ။
ကံစေရာရဲ့ အတုံ့အလှည့်ခံ
လောကဓံ လျှော့က်ခဏ ။
သောကအစဉ် ထမ်းသယ်ပိုးလို့ရယ်
လူဖြစ်ဆိုးရ ။

* သတိထားပေ့ါ ဤဒုက္ခရယ်လို့
ရှန်းထကြွ အချိန်အမှုလေ ။
အနတ္တကို အစဉ်တစိုက်
ထွေးပိုက်ဉာဏ်စေ ။
တွေ့ကြုံသမျှ အကောင်း၊ အဆိုးတွေ
အကြောင်းအကျိုးပေ သိမှတ်လှမ်း ။
စေတနာအပေါ် မေတ္တာထပ်ရင်ဖြင့်
မြတ်သော လူ့လမ်း ။ ။

သူ့ထက်ဆန်း(မန္တလေး)



## မန္တလေးလျှော်ကြိုးကြောင့် ထိခိုက်သေဆုံးခဲ့သူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်

**ဇေယျာသီရိ ဧပြီ ၂၅**

မန္တလေးလျှော်ကြိုးကြောင့် ဇေယျာသီရိမြို့နယ်အတွင်း ထိခိုက်သေဆုံးခဲ့သူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ ညနေပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဟန်သူ တက်ရောက်အားပေးစကား ပြောကြားသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဟန်သူနှင့် ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်တို့က မန္တလေး လျှော်ကြိုးကြောင့် နေအိမ်ပြိုကျ ထိခိုက်သေဆုံးခဲ့သူများ၏ မိသားစုဝင်များအား အားပေးစကားပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက မန္တလေးလျှော်ကြိုးကြောင့် ထိခိုက်သေဆုံးခဲ့သူများ၏ မိသားစုဝင်များအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းဖြင့် စုစုပေါင်း ၂၀ ဦး အတွက် ထောက်ပံ့ငွေများပေးအပ်သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လင်းဇင်းဆောင်၌ ယာယီတည်းခိုနေထိုင်နေသည့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ လျှော်ဘေးသင့်ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## မန္တလေးမဟာဗောဓိစေတီတော်ကြီးနှင့် သန္တိသုခဓမ္မာရုံကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး ဧပြီ ၂၅**

မန္တလေးလျှော်ကြိုးကြောင့် ပျက်စီးသွားသော မန္တလေး မဟာဗောဓိစေတီတော်ကြီးနှင့် သန္တိသုခဓမ္မာရုံကြီး ပြုပြင်ရန်အတွက် မန္တလေးမြို့နေ ဒေါက်တာခင်မောင်ကြည်+ဒေါက်တာချိုချိုမာတို့အား အမှူးထား၍ ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းမှ ငွေကျပ်သိန်း ၂၀ ကို မန္တလေးမြို့ မဟာဗောဓိဝိပဿနာယောဂီကမ္မဋ္ဌာန်းတိုက်ကြီး၏ ဥက္ကဋ္ဌ ဦးချစ်ထွန်း (သီဟသုဓမ္မဇောတဓရနှင့် လူမှုထူးချွန်ပထမအဆင့်)ထံ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌက အလှူရှင်များကို ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။ မန္တလေးလျှော်ကြိုးအတွင်း ပျက်စီးသွားသော မဟာဗောဓိစေတီတော်ကြီးနှင့် သန္တိသုခဓမ္မာရုံကြီးအတွက် လှူဒါန်းလိုပါက ဦးကျော်မင်း၊ ရုံးအဖွဲ့မှူး ၀၉-၇၆၅၁၀၀၇၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**အောင်လံ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး အောင်လံခရိုင်စီမံကိန်းဦးစီးမှူးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများအားလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်အားလည်းကောင်း၊ မြို့နယ်ပညာရေးဦးစီးဌာန မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်အားလည်းကောင်း၊ အခြားဌာနဆိုင်ရာ တာဝန်ရှိသူများအား ဒေသန္တရစီမံကိန်းလုပ်ငန်းတာဝန်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အာကာ(ပြန်/ဆက်)



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က မန္တလေးမြို့ ကန်တော်ကြီးတိုက်တန်းနေ ဒေါ်ကြည်ကြည်အားရည်စူး၍ ကိုအပ်တီ+မထိုက်၊ (မြေး)ပြည့်ဖြိုးစန့်၊ ကိုသန့်မျိုးအောင်+မလွင်ဝါထွေး၊ (မြေး) လွင်ဘုန်းသန့် မိသားစုက ဆွမ်းအလှူငွေကျပ် ငါးသိန်းကို ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့ထံ လှူဒါန်းစဉ်။ (ကဆ)**

## ချမ်းမြသုခ ပရဟိတလူမှုကူညီရေးအသင်းသို့ အလှူငွေများလှူဒါန်း

**မန္တလေး ဧပြီ ၂၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက် ရွှေစံကိုင်ရပ်ရှိ ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းသို့ Singapore Team မိသားစုနှင့် H4M Team မိသားစုတို့က အလှူငွေများ လှူဒါန်းပွဲကို ဧပြီ ၂၄ ရက် ညနေ ၃ နာရီက အဆိုပါ အသင်းရုံးတွင် ကျင်းပသည်။

ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်းသို့ Singapore Team မိသားစုက ငွေကျပ် ငါးသိန်း၊ H4M Team မိသားစုက ငွေကျပ်သုံးသိန်းကို လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးထိုက်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (အောက်ဝဲပုံ)

(၀၅၇)



## စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ ဧပြီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကျိုင်းတုံ)ရုံးတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များက ဒေသအတွင်း မိုးစပါး၊ နွေစပါး၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ဝဥ၊ ကော်ဖီ၊ လက်ဖက်၊ ရော်ဘာ စသည့် အခြားစိုက်ပျိုးသီးနှံများ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချမှုအခြေအနေများ၊ တောင်သူများ၏ သီးနှံ



စိုက်ပျိုးထွက်ရှိမှု၊ ဝင်ငွေအကျိုးအမြတ်နှင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးနှင့် သီးနှံများအထွက်နှုန်းတိုးတက်စွာရရှိရေးအတွက် မြေဩဇာလုံလောက်စွာ ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး၊ တိုးချဲ့စိုက်ပျိုးမြေရရှိရေး၊ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး စသည့် ကြုံတွေ့နေရသော အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)

# နှစ် (၆၆၀) ပြည့် အင်းဝ ( ၄ )

မြေဒူးမင်း (ခေါ်)ဆင်ဖြူရှင်မင်း အင်းဝကို မင်းနေပြည်တော်အဖြစ် တတိယအကြိမ် ပြုပြင်စိုးစံတော့ အင်းဝမြို့ဟာ ယခင်စည်တို ပုံစံကနေ ခြသေ့်ထိုင်ပုံသဏ္ဍာန် ပြောင်းလဲသွားပါပြီ။ ညောင်ရမ်းခေတ်ရဲ့ နောက်ဆုံးဘုရင် မဟာဓမ္မရာဇာဓိပတိမင်း လက်ထက်ကတည်းက သန္ဓေတည်ခဲ့တဲ့ မြေမြို့ရိုးကြီးကို ဆင်ဖြူရှင်က အုတ်မြို့ရိုးနဲ့ ထပ်ဆင့်လိုက်တော့ ပိုပြီး ပုံပေါ်သွားတာပေါ့။ ဒီနေရာမှာ ဆင်ဖြူရှင်ဟာ မြေမြို့ရိုးနေရာ အားလုံးအတိုင်း အုတ်မြို့ရိုးတင်ပြီး တည်ဆောက်တာ မဟုတ်ပါဘူး။ တဖြည်းဖြည်း ရွေ့တိုက်လာတဲ့ ဒုဋ္ဌဝတီမြစ်ကြောင်းကို နောင်အရှည် မျှော်တွေးပြီး အုတ်မြို့ရိုးကို စည်တိုပုံမြို့ရိုးရဲ့ တောင်ဘက်မျက်နှာမှာရှိတဲ့ ကျော်ဘုံတံခါး အနောက်နားကစပြီး အထွက်ပြလို့ တည်ဆောက်ခဲ့ပါတယ်။

မြေမြို့ရိုးရဲ့ မူလအစ နေရာက စည်တိုပုံမြို့ရိုးရဲ့ အရှေ့တောင်ထောင့် နေရာကပါ။ ဆင်ဖြူရှင်ဟာ ကျော်ဘုံတံခါးက စထွက်ပြီးချင်း အရှေ့ဘက်ကို မော်ယွန်းစကာ ချိုးပြီးတော့ တောင်ဘက်တည့်တည့် ဆက်ထွက်ပါတယ်။ အခုကျော်ဘုံတံခါးရှေ့က ကန့်လန့်ခံနေတဲ့ ရှေ့နောက် အုတ်ရိုးတန်းကြီးဟာ မန္တလေး ရတနာပုံမြို့တော်တံခါးပေါက် ပြအိုးတွေရှေ့က တွေ့ရလေ့ရှိတဲ့ အဖြူရောင် အုတ်ရိုးကြီးတွေလို "မီးတား" မဟုတ်ပါဘူး။

အခုလို အင်းဝမြို့ဟောင်း ပြန်လည်မထင်ရှားသေးတဲ့ အစောပိုင်း ကာလတွေမှာ ပြိုပျက်နေတဲ့ ကျော်ဘုံတံခါးပေါက်က လှည်းနွားတွေ ဝင်ထွက်ရတာ အဆင်ပြေအောင်လို့ မော်ယွန်းချိုးထောင့်ကို ဒေသခံတွေဖြေကြလို့ ပျောက်သွားတဲ့အတွက် ဖြေပျောက်ပြီးမှ ကျန်နေတဲ့ အုတ်မြို့ရိုးအပိုင်းပါ။ အခု ဟသ်ာကျ ခမ္ဘာရုံနားက မြေပြင်ကို သေချာကြည့်ရင် တောင်ဘက် အုတ်ရိုးတန်းကြီးကို မြေပြင်မှာ အထင်အရှား တွေ့မြင်နေရဆဲပါ။ အဲဒီမှာ စိတ်ဝင်စားစရာကောင်းတာက ကျော်ဘုံတံခါးရဲ့ ကျုံးကူးတံတားနဲ့ ဒီအပြင်မြို့ရိုးကြီး ဘယ်လို ဆက်စပ်တည်ဆောက်ခဲ့သလဲဆိုတဲ့ အချက်ပါ။

စာရေးသူဟာ အင်းဝဒေသ တာဝန်ခံ အရာထမ်းအဖြစ် ၁၉၉၀ ပြည့်ကစပြီး တာဝန်ထမ်းဆောင်ရင်း ကျော်ဘုံတံခါး ပြအိုးနဲ့ စကြောဆောင်၊ ဆက်ပြီး စည်တိုမြို့ရိုး သူရဲခိုများနဲ့ ပြကလေး စုထိုးတွေကို ရှေးမူမပျက် တည်ဆောက်ခဲ့သူပါ။ ဒါ့ကြောင့် ဆင်ဖြူရှင် စထွက်ခဲ့တဲ့ အပြင်မော်ယွန်း အုတ်မြို့ရိုးကြီးဟာ ကျော်ဘုံတံခါး ပြအိုး အနောက်က တောင်ကို ထွက်မယ်။ ပြီးတော့မှ အရှေ့ကို အခုမြင်နေရတဲ့အတိုင်း ဆက်ထွက်မယ်။ အခုကျော်ဘုံတံခါး ပြအိုးအရှေ့နား မြို့ရိုးအခြေကပ်ပြီး တည်ဆောက်ကာ ဖွင့်လှစ်ထားတဲ့ မူလတန်းကျောင်း အလယ်နားလောက် နေရာကနေ တောင်ဘက်ကိုတည့်တည့် ဆက်ထွက်ပြီး ငွေစင်ချောင်း ကျော်ပြီးတော့မှ မူလမြေမြို့ရိုးပေါ်ကို ပြန်တက်ပြီး တည်ဆောက်ထားပါတယ်။

တောင်ဘက်မှာ မိုးထိကျောင်းကို အပြင်ထုတ်လိုက်ပြီး အနောက်ဘက်မှာလည်း ဝက်ပါနဲ့ မြင်းမိုရ်တောင် ဘုရားနှစ်ဆူကိုပဲ မော်ယွန်းချိုးတွေနဲ့သွင်းပြီး တည်ဆောက်လိုက်ခြင်းအားဖြင့် မော်ယွန်းချိုး မြို့ရိုးပုံသဏ္ဍာန်ကို ပိုပြီးလှပလာစေခဲ့ပါတယ်။ အခုလက်ရှိ အင်းဝစည်တိုပုံမြို့ရဲ့ မြို့တံခါးပေါက်တွေနဲ့ ရှေ့မှ ကျုံးကူးတံတားတွေက ကျုံးဟိုဘက်၊ ဒီဘက်မှာ အကျယ်ပေ ၅၀၊ အလျားပေ ၅၀-၈၀ လောက် ချဉ်းကပ်အုတ်ရိုးအဖြစ်နဲ့ တည်ဆောက်ထားပြီး ကျုံးအလယ်မှာ နင်းကြမ်းကူးဖို့ အကျယ်ဆုံး ၂၃ ပေ၊ ကျဉ်းတဲ့ နေရာမှာ ၁၃ ပေ လောက်နဲ့ ကျုံးကူးတံတား ဆောက်ခဲ့တာ တွေ့ရပါတယ်။



မန္တလေး ရတနာပုံရွှေမြို့တော်ရဲ့ ကျုံးကူးတံတားတွေကတော့ ဟိုဘက်၊ ဒီဘက် ချဉ်းကပ်လမ်းက ၇၅ ပေစီရှည်ပြီး အလယ်နင်းကြမ်းကလည်း ၇၅ ပေကျယ်ကာ နင်းကြမ်းကို ရေလယ်တိုင်တွေနဲ့ ကူးထားပါတယ်။ ဒီတော့ ရတနာပုံ ကျုံးကူးတံတားတွေဟာ နင်းကြမ်းဖြုတ်ထားရင် ကျုံးကို ဖြတ်ကူးဖို့ မလွယ်တော့ပါဘူး။ အင်းဝကျတော့ နင်းကြမ်းဟာ များသောအားဖြင့် ၁၈ ပေ အောက်ဆိုတော့ လုံခြုံရေးရှုထောင့်ကကြည့်ရင် အားနည်းနေသလိုပဲ။ တောင်ဘက်နဲ့ အနောက်ဘက်က ကျုံးကူးတံတား နင်းကြမ်းတွေ ဆို ၁၂ ပေ လောက်ပဲ ကျယ်ပါတယ်။ ပြန်ဆက်ရရင် ကျော်ဘုံတံခါးနားက တောင်ဘက်ထွက်လာတဲ့ မော်ယွန်းချိုးအပြင် မြို့ရိုးဟာ ချဉ်းကပ်လမ်းပေါ်မှာ တည်ဆောက်ထားမှ ခိုင်မာတောင့်တင်းပြီး အဆင်ပြေလုံခြုံမှု ရှိတော့မှာပါ။ တူးဖော်သုတေသနပြုရင်တော့ အဖြေကို အတိအကျပိုပြီး ရနိုင်တာပေါ့။

ဒေသခံတွေဟာ မြို့ရိုးကိုတော့ ဖြိုပစ်ပြီး ကျော်ဘုံတံခါး ကျုံးကူးနင်းကြမ်းနေရာကိုတော့ ပြီးစလွယ် မြေဖို့လိုက်ပုံရပါတယ်။ အဲဒီနားက ရွာခံတွေ ပြောပြတာက မိုးရွာပြီးတဲ့ အချိန်ဆိုရင် နင်းကြမ်းနေရာ ဖို့ထားတဲ့မြေနဲ့ ချဉ်းကပ်အုတ်ရိုး အစပ်မှာ လိုင်းကြောင်းကြီးကို အခုထိ တွေ့ရတုန်းပဲတဲ့။ အင်းဝမြို့ဟောင်းရဲ့ နောက်ထပ်ထူးခြားမှုတစ်ခုကတော့ စည်တိုပုံ တောင်ဘက်နဲ့ အနောက်ဘက် မြို့ရိုးအခြေနဲ့ ကျုံးကြားက ရင်လျှောက်အကျယ်အဝန်းဟာ ၂၅ ပေ လောက်ပဲ ကျယ်ပါတယ်။ မန္တလေးရတနာပုံ မြို့ရိုးနဲ့ကျုံးနှုတ်ခမ်းဟာ ပေ ၂၀၀ ကျော် ကျယ်ဝန်းပါတယ်။ ဒီတော့ အင်းဝစည်တိုပုံမြို့ရိုးရဲ့ တောင်ဘက်နဲ့ အနောက်ဘက် မြို့ရိုးနဲ့ ကျုံးနှုတ်ခမ်းအကွာအဝေးက အတော်ကျဉ်းတယ်လို့ တွေ့ရပါတယ်။ မြောက်ဘက်မှာ ဧရာဝတီမြစ်ခံနေလို့ အရှေ့ဘက်အပိုင်းလောက်မှာပဲ ကျုံးရှိပေမယ့် နင်းကြမ်းမတွေ့ရပါဘူး။ အရှေ့ဘက်ကျတော့ ရင်လျှောက်ဟာ ပိုကျယ်နေတာ တွေ့ရပါတယ်။ ဒါ့ကြောင့် လုံခြုံရေးရှုထောင့်အရ ဆင်ဖြူရှင်ဟာ ရင်လျှောက်ကျဉ်းနေတဲ့ စည်တိုပုံမြို့ရိုးရဲ့ တောင်ဘက်နဲ့ အနောက်ဘက်ကို အပြင်မြို့ကြီးထဲသွင်းပြီး တည်ဆောက်ခဲ့တာလို့ သုံးသပ်ရပါတယ်။

ဘာကြောင့်လဲဆိုတော့ အရှေ့ဘက်မှာ ဒုဋ္ဌဝတီမြစ်၊ မြောက်ဘက်မှာ ဧရာဝတီမြစ်လို သဘာဝအရန်အတားတွေ ရှိနေတော့ အားနည်းတဲ့ တောင်ဘက်နဲ့ အနောက်ဘက်ကို လုံခြုံအောင် အပြင်မြို့နဲ့ ကာမယ်။ ပြီးမှ အပြင်မြို့ကြီးရဲ့ တောင်ဘက် အပြင်ကနေ ကျယ်ဝန်းတဲ့ ကျုံးအပြင် ဒုဋ္ဌဝတီမြစ်နဲ့ ဧရာဝတီမြစ်ကို ဆက်ထားတဲ့ မြစ်သာတူးမြောင်းကို ထပ်ပြီးဖောက်လိုက်တော့ အင်းဝဟာ ရန်သူတွေ အလုပ်အကြံခက်သွားစေတော့တာပေါ့။ အဲ့ဒီမှာလည်း စည်တိုပုံကျုံးနင်းကြမ်းနဲ့ အပြင်မြို့ကြီး ကျုံးနင်းကြမ်ဟာလည်း တစ်ခုနဲ့တစ်ခု မတူပြန်ပါဘူး။ နောက်ပြီး မဟာဓမ္မရာဇာဓိပတိမင်းရဲ့ မြေမြို့ရိုးကြီးဟာ ရတနာပုံ မန္တလေးမြို့ရဲ့ ဧရာဝတီမြစ်ဆိပ်တစ်လျှောက်က တာရိုးကြီးလို ရေလွှမ်းမိုးမှုဒဏ်ကလည်း ကာကွယ်ပြီးသားဖြစ်သလို အဲ့ဒီအပေါ်မှာ အုတ်မြို့ရိုးဆင့်လိုက်တော့ သဘာဝဘေးရော၊ မနုဿဘေးရော အတူကာကွယ်ပြီးသား ဖြစ်သွားစေပါတယ်။

ဒါကြောင့်လည်း ဆင်ဖြူရှင်မင်းဟာ ကုန်းဘောင်ခေတ်မှာ အရည်အချင်း အပြည့်ဝဆုံး မင်းတစ်ပါးအဖြစ် မှတ်တမ်းတင်ခြင်း ခံခဲ့ရတာလို့ မှတ်ယူနိုင်ပါတယ်။ နောက်တစ်ခုက ဆင်ဖြူရှင်မင်းလက်ထက်မှာ စည်တိုပုံမြို့ရိုးရဲ့ အပြင်ဘက် အရှေ့မြောက်ထောင့် ဒုဋ္ဌဝတီမြစ်နဲ့ မနီးမဝေးမှာ ရေနန်းတော်ကို သရက်ကင်း လှေကားတပ်တဲ့ အုတ်ခုံခံပြီး အခိုင်အမာတည်ဆောက်ခဲ့ပါတယ်။ အဲဒီ ရေနန်းတော်ဟာ မြစ်ဆုံနဲ့အနီးမှာ ရှိတာကြောင့် လေဝင်၊ လေထွက်ရော သဘာဝရှုခင်းရှုကွက်ရော တော်တော်ပြည့်စုံသာယာလို့ နေချင့်စဖွယ် ဖြစ်ပုံရပါတယ်။ ဒါ့ကြောင့် ဆင်ဖြူရှင်ဟာ ရန်ကုန်မြို့က ရွှေတိဂုံဘုရားကို ထီးတင်ရွှေချပြီး ပြန်လာတဲ့ခရီးစဉ်မှာ စတင်နာမကျန်းဖြစ်လာခဲ့ပြီး သူ့ဘဝရဲ့ နောက်ဆုံးအချိန် ရောဂါအတော်သည်းနေတဲ့ အချိန်အထိ ရေနန်းတော်ပေါ်မှာ နေထိုင်ခဲ့တာ အမှတ်တရပါပဲ။

အခုချိန်အထိ ဆင်ဖြူရှင်မင်းရဲ့ ရေနန်းတော်ကို တောင်ဘက်အုတ်ခုံက သရက်ကင်းအုတ်လှေကားကြီးတွေနဲ့ စည်တိုပုံမြို့ရိုးရဲ့ အပြင်ဘက် အရှေ့ မြောက်ထောင့်နားက သစ်ပင်ကိုင်းပင်တွေအကြား ခံ့ညားစွာ တွေ့နိုင်ပါသေးတယ်။ စိတ်ဝင်စားပြီး အခါအခွင့်သင့်လို့ဖြစ်စေ၊ ရှခင်းကလည်း အလွန်လှလို့ဖြစ်စေ၊ ပြုပြင်ထိန်းသိမ်းထားမယ်ဆိုရင်တော့ သမိုင်းအမွေအနှစ်တစ်ခုအဖြစ်ရော ခရီးသွားလုပ်ငန်းက ပြည်တွင်း၊ ပြည်ပဧည့်သည်များပါ သွားရောက်လေ့လာနိုင်တဲ့ နေရာကောင်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဆင်ဖြူရှင်မင်း နတ်ပြည်စံတော့ သားတော် စဉ့်ကူးမင်း ထီးနန်းဆက်ခံပါတယ်။ အဲ့ဒါကလည်း တတိယမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားရဲ့ သားတော်များ ကြီးစဉ်ငယ်လိုက် နန်းစံကြဆိုတဲ့ ခမည်းတော်ရဲ့ မှာတမ်းကို ဆင်ဖြူရှင်မင်းက နားထောင်ခြင်းမရှိဘဲ ပစ်ပယ်လိုက်ပြီး သားတော် စဉ့်ကူးမင်းကို နန်းရံထားလိုက်တဲ့အတွက် ညီနောင်တွေအကြား စိတ်ဝမ်းကွဲပြားမှုတွေ၊ လုပ်ကြံသတ်ဖြတ်မှု အရှုပ်အထွေးတွေ စတင်ပြီး ဖြစ်လာစေခဲ့ပါတယ်၊

စဉ့်ကူးမင်းဟာ ပန်တျာပညာကို အတော်ခံ့မင်ခဲ့တဲ့ မင်းတစ်ပါးလို့ သမိုင်းတွင်ခဲ့ပါတယ်။ ဘယ်လောက်ထိ ဝါသနာထုံသလဲဆိုရင် သူကိုယ်တိုင် ရုပ်ဖျက်ပြီး တီးမှုတ်ကခုန်တဲ့အထိပါပဲ။ အင်းဝကို မင်းနေပြည်တော်အဖြစ် ကုန်းဘောင်ခေတ်မှာ တတိယအကြိမ် ပြန်လည်ထူထောင်ခဲ့တဲ့အခါ ဆင်ဖြူရှင်နဲ့ စဉ့်ကူးမင်း နှစ်ပါးပဲ သက်တမ်းပြည့် စိုးစံခဲ့ကြပါတယ်။ စဉ့်ကူးမင်း အညာသီဟတောကို ဘုရားဖူးသွားနေတုန်းသူ့ရဲ့ ညီအစ်ကိုဝမ်းကွဲတော်သူ ဖောင်းကားရွာစား မောင်မောင်(စစ်ကိုင်းမင်းရဲ့ သားတော်)က ဧရာဝတီမြစ်ကို ဖြတ်ကူး လာပြီး ဘုရင်ပြန်လာသလို ဟန်ဆောင်ကာ နန်းတော်ကို ချက်တစ်ဖြုတ်ဝင်စီးပြီး ထီးနန်းလုယူသိမ်းပိုက်လိုက်ပါတယ်။

အဘိုးတော်သူ အလောင်းမင်းတရားရဲ့ စကားကို ပယ်ရှားပြီး သားတော်ကို ထီးနန်းပေးမယ်ဆို သူ့အရင်ရသင့်တယ်လို့ ခံယူလို့ပါပဲ။ ဒါပေမဲ့ အရက်သေစာ မူးယစ်နေပြီး အကွပ်အညှပ်ကြမ်းလို့ အလောင်းမင်းတရားရဲ့ စတုတ္ထသားတော် ဗဒုံမင်းသားက မှူးမတ်တွေကို စည်းရုံးပြီး ထီးနန်းကို ပြန်သိမ်းပိုက်လိုက်တဲ့အတွက် မောင်မောင်ရဲ့ နန်းသက်ဟာ ၇ ရက်နဲ့ပဲ နိဋ္ဌိတံသွားခဲ့ပါတယ်။ ဗဒုံမင်းဟာ အင်းဝမြို့တော်မှာ ထီးနန်းတက်ခဲ့ပေမယ့် နှစ်နှစ်လောက်စံပြီး အကြောင်းပြချက် မယ်မယ်ရရ မရှိဘဲ အမရပူရမြို့တော်သစ်ကို ပြောင်းရွှေ့တည်ထောင် စိုးစံခြင်းအားဖြင့် တတိယအင်းဝဟာ မင်းနှစ်ပါး၊ မြို့သက် နှစ် ၂၀ နဲ့ပဲ တစ်စခန်းရပ်ခဲ့ပါတော့တယ်။

အင်းဝမြို့ကို တတိယအကြိမ် ပြန်လည်တည်ထောင်ခဲ့တဲ့ကာလအတွင်း ထင်ရှားတဲ့ အချက်တစ်ခုကတော့ အုတ်လမ်း၊ အုတ်တံတားများ တည်ဆောက်ခဲ့ကြခြင်းပါပဲ။ မြို့တောင်ဘက်က မိုးထိကျောင်းတော်ကြီး အနောက်ဘက်ကနေ တံတာဦးအထိ မဟာသုဒဿနအုတ်တံတားကြီး၊ အင်းဝ အပြင်မြို့ကြီး အပြင်ဘက်မှာရှိတဲ့ ရွှေကျောင်းတော်ကြီးအရောက် အပြင်မြို့ကြီးအတွင်း တည်ဆောက်ထားတဲ့ အရပ်အခေါ် ခရေတန်းအုတ်လမ်းကြီး၊ ၄င်းအနောက်ဘက်က ကုန်းဘောင်အုတ်လမ်း၊ မဟာမြတ်မုနိနဲ့ လေးထပ်ကြီးကြားကနေ လောကထိပ်ဦးဘုရားအထိ အုတ်လမ်းကြီးနဲ့ ဦးအိုတံတား အစနားက ပြာသာဒ်လေးဆူကနေ အနောက်ဘက်မှာရှိတဲ့ ရွှေကျောင်းကိုသွားတဲ့ အုတ်လမ်းမကြီးတို့ ဖြစ်ကြပါတယ်။ အဲ့ဒီအထဲက ဦးအိုအုတ်လမ်းဟာ မိုးထိကျောင်းကထွက်လာတဲ့ မဟာသုဒဿနတံတားနဲ့ ပေါင်းသွားခဲ့ပါတယ်။

အခုပြောခဲ့တဲ့ အုတ်လမ်း၊ အုတ်တံတားတွေဟာ လက်ရှိ ဦးအိုအုတ်လမ်းထက် နှစ်ပေါင်း ၅၅ ခန့်စောပြီး တည်ဆောက်ခဲ့တဲ့ တံတားနဲ့ အုတ်လမ်းတွေပါ။ အဲ့ဒီအထဲက ခရေတန်းအုတ်လမ်းကြီးဆိုရင် ငွေစင်ချောင်းဖြတ်ကူးတဲ့ တံတား၊ အပြင်မြို့ကြီးကျုံးကူးတဲ့တံတားတွေပါတဲ့အပြင် မှတ်တမ်းအရ လက်ရှိ ဦးအိုအုတ်လမ်းထက် နှစ်ဆလောက် ကျယ်ပါတယ်၊ လူ ၄၀ ရင်ပေါင်တန်းပြီး လမ်းလျှောက်လို့ ရတယ်လို့ အထောက်အထားများက ဆိုပါတယ်။ ပြီးတော့ ဦးအို အုတ်လမ်းလို အုတ်ခဲကြီးတွေကို ထောင်လိုက် ဂုံညင်းထောင် စီခင်းထားတာတွေ၊ အုတ်စိန်တိုင်တွေပါတဲ့ အုတ်လက်ရန်းတွေနဲ့ လမ်းမြောင်တွေကိုထွက်ဖို့ သရက်ကင်းလက်ရန်းပါတဲ့ လှေကားတွေကို ယနေ့တိုင် တွေ့မြင်နိုင်ပါသေးတယ်။ အဲ့ဒီ အုတ်လမ်း အုတ်တံတားကြီးတွေအကြောင်း သီးသန့်ရေးပါဦးမယ်။

(ဆက်လက်ဖော်ပြပါမည်)

ရက္ခိတ (ရှေး/သု)



တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ သမ္မတ ရှီကျင့်ဖျင်၏ ဇနီး ပင်လီယွန်းက ဧည့်သည်တော် ကင်ညာသမ္မတ ဝီလျံရူတို၏ ဇနီး ရာချယ်ရူတိုအား ယမန်နေ့ကလက်ခံတွေ့ဆုံပြီး လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံကာ စကားလက်ဆုံကျနေကြစဉ်။ **Mon**

## တရုတ်နိုင်ငံလုပ် ရှင်ကျိုး ၂၀ အာကာသယာဉ် အာကာသယာဉ်မှူး ၃ ဦးကို အောင်မြင်စွာ ပို့ပေးနိုင်ခဲ့

**ပေကျင်း ဧပြီ ၂၅**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်ရှိ လူသားများအား အာကာသသို့ စေလွှတ်သည့် ရှင်ကျိုး ၂၀ အာကာသယာဉ်ကို ဧပြီ ၂၄ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး တီယန်ကောင်းအာကာသစခန်းသို့ ၆ လကြာ တာဝန်ထမ်းဆောင်မည့် အာကာသယာဉ်မှူး ၃ ဦးကို အောင်မြင်စွာပို့ပေးနိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လောင်းမတ်ချ်တူးအက်ဖ် ဒုံးပျံသည် ဒေသစံတော်ချိန် ညနေ ၅ နာရီ၁၇ မိနစ်တွင် အနောက်မြောက်ပိုင်းရှိ ကြွေချန် ဂြိုဟ်တုလွှတ်တင်ရေးဌာနက ရှင်ကျိုး ၂၀ အာကာသယာဉ်ကို လွှတ်တင်ရာတွင် အာကာသယာဉ်မှူး အကြီးတန်း ဗိုလ်မှူးကြီးချင်တောင်း၊ ဗိုလ်မှူးချင်ဂျူန်းဂရှီနှင့် ဗိုလ်မှူးဝမ်ဂျေးတို့ စီးနင်းလိုက်ပါခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၀ ကီလိုမီတာအမြင့်ရှိ ကမ္ဘာ၏လေထုနှင့် အာကာသကြားနယ်စပ် ကာမန်းလိုင်းကို ဖြတ်သန်းပြီးနောက် ထိုအာကာသယာဉ်သည် သယ်ဆောင်သည့် ဒုံးပျံမှ ခွဲထွက်ကာ အလိုအလျောက် ချိတ်ဆက်မှုစနစ်ကို အသက်သွင်းခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အာကာသယာဉ်မှူးဌာန၏ အဖွဲ့ဝင်များဖြစ်သော ထိုအာကာသယာဉ်မှူးများသည် ဧပြီ ၂၅ ရက် စောစောပိုင်းတွင် အာကာသစခန်းသို့ရောက်ရှိကာ အခြားအာကာသယာဉ်မှူးများနှင့် ပူးပေါင်းခဲ့ကြောင်း သိရသည်။ **Mon**



## တီဟီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးရန်အလို့ငှာ အီရန်နိုင်ငံခြားရေးဝန်ကြီး ဥရောပသို့ သွားရောက်ရန် အဆင်သင့်ဖြစ်နေ

**တီဟီရန် ဧပြီ ၂၅**

အီရန်နိုင်ငံခြားရေးဝန်ကြီး အဗ်စ်အရာ့ချီသည် တီဟီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးရန်အလို့ငှါ ဥရောပသို့ သွားရောက်ရန် အဆင်သင့်ဖြစ်နေကြောင်း ယမန်နေ့က ပြောကြားခဲ့ပြီး တီဟီရန်ဘက်မှ အလေးအနက်ထား ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြသပါက ဥရောပအင်အားကြီးနိုင်ငံများဘက်မှလည်း ဆွေးနွေးရန် အဆင်သင့်ရှိနေသည်ဟု ပြင်သစ်နိုင်ငံကလည်း အတည်ပြုကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီရန်သည် အမေရိကန်နှင့် နျူကလီးယားဆွေးနွေးပွဲများ၏ အရှိန်အဟုန်ကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ထားပြီး ယင်းဆွေးနွေးပွဲများကို ဧပြီ ၂၆ ရက်တွင် အိုမန်နိုင်ငံ၌ ပြန်လည်ကျင်းပမည်ဖြစ်ကာ ဤအပတ်အတွင်း ရုရှားနှင့်တရုတ်နိုင်ငံတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီချက်တွင် ပါဝင်ခဲ့သော ဥရောပအင်အားကြီးနိုင်ငံများထံသို့ ပေးပို့သည့် အီရန်၏ သတင်းစကားအရ တီဟီရန်သည် ၎င်း၏ရွေးချယ်မှုများကို ဖွင့်ထားရန် စဉ်းစားနေသည်ဟု ဆိုသည်။

စက်တင်ဘာလမှစတင်၍ တီဟီရန်နှင့် အီးသရီးဟုခေါ်သော ဥရောပအင်အားကြီးသုံးနိုင်ငံ (ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်)တို့သည် ၎င်းတို့၏ဆက်ဆံရေးနှင့် နျူကလီးယားပြဿနာများနှင့် ပတ်သက်၍ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသည်။

မတ်လအတွင်းက နောက်ဆုံးကျင်းပခဲ့သော အဆင့်မြင့်နည်းပညာဆိုင်ရာအဆင့် ဆွေးနွေးပွဲတွင် အီရန်၏နျူကလီးယားအစီအစဉ်ကို နောက်ပြန်လှည့်ရန် အာမခံချက်ပေးသည့် သဘောတူညီချက်တစ်ခုအတွက် အချက်အလက်များကို ကြည့်ရှုဆွေးနွေးခဲ့ကြောင်း သိရသည်။ **Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဟိုလိုကော့စ်အမှတ်တရဖြစ်ရပ် အထိမ်းအမှတ်နေ့တွင် ဥသြသံများ အစ္စရေးတစ်နိုင်ငံလုံး ပဲ့တင်ထပ်သွားခဲ့



**ဂျေရုဆလင် ဧပြီ ၂၅**

ဒုတိယကမ္ဘာစစ်အတွင်း နာဇီများက သတ်ဖြတ်ခဲ့သည့် ဂျူးလူမျိုး ခြောက်သန်းအား အမှတ်တရပြုလေ့ရှိသော ဟိုလိုကော့စ်အမှတ်တရဖြစ်ရပ် အထိမ်းအမှတ်နေ့တွင် ဥသြသံများ အစ္စရေးတစ်နိုင်ငံလုံး ပဲ့တင်ထပ်သွားခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

နေရာတိုင်းတွင်ရောက်ရှိနေသော အစ္စရေးနိုင်ငံသားများသည် ဟိုလိုကော့စ်အမှတ်တရနေ့အတွက် မိနစ် ၂၀ တိတ်ဆိတ်စွာ နေထိုင်ခဲ့ကြပြီး လမ်းများပေါ်၌ အသွားအလာများ ရပ်နားကာ နေ့စဉ်ဘဝများကို ယာယီဆိုင်းငံ့ပြီး သေဆုံးခဲ့သူများအား အောက်မေ့အသိအမှတ်ပြုခဲ့ကြသည်။

ဟီဘရူးပြက္ခဒိန်အရ ဧပြီသို့မဟုတ် မေလတိုင်း ကျင်းပလေ့ရှိသော ထိုအထိမ်းအမှတ် အခမ်းအနားသည် ဇန်နဝါရီ ၂၇ တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဟိုလိုကော့စ်အမှတ်ရနေ့နှင့်မတူဘဲ သီးခြားစီဖြစ်ကြောင်း သိရသည်။ **Mon**

## ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ဝါရှင်တန်အခြေစိုက် ကမ္ဘာ့ဘဏ်တို့အကြား ငွေကြေးထောက်ပံ့မှု သဘောတူညီချက်နှစ်ရပ် လက်မှတ်ရေးထိုးခဲ့

**ဒက္ကာ ဧပြီ ၂၅**

ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ဝါရှင်တန်အခြေစိုက် ကမ္ဘာ့ဘဏ်တို့အကြားတွင် အမေရိကန်ဒေါ်လာ သန်း ၈၅၀ တန်ဖိုးရှိ ငွေကြေးထောက်ပံ့မှု သဘောတူညီချက်နှစ်ရပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

အဆိုပါငွေကြေးထောက်ပံ့မှုကို ဘင်္ဂလားဒေ့ရှ်၏ ကုန်သွယ်ရေးစွမ်းရည်မြှင့်တင်ရန်၊ အလုပ်အကိုင်များ ဖန်တီးပေးရန်နှင့် လူမှုဖူလုံရေးစနစ်ကို ခေတ်မီတိုးတက်စေရန်အတွက် အသုံးပြုမည်ဖြစ်သည်။

ထိုငွေကြေးထဲမှ အမေရိကန်ဒေါ်လာ သန်း ၆၅၀ကို စစ်တကောင်းခရိုင်၊ ဆိပ်ကမ်းအဆောက်အအုံများ တိုးချဲ့ခေတ်မီမြှင့်တင်ရန် ရည်ရွယ်သည့် ပင်လယ်ဆိပ်ကမ်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် သုံးစွဲမည်ဟု ဆိုသည်။

အဆိုပါစီမံကိန်းတွင် ရာသီဥတုဒဏ်ခံနိုင်သော ၆ ကီလိုမီတာရှည်လျားသည့် လှိုင်းကာတမံနှင့် ရေကြောင်းလမ်းများ ပါဝင်မည်ဖြစ်ပြီး ဆိပ်ကမ်းသို့ ပိုမိုကြီးမားသော သင်္ဘောများ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ၎င်းသည် သင်္ဘောလှည့်လည်ချိန်ကို သိသာစွာ လျှော့ချနိုင်မည့်အပြင် သယ်ယူပို့ဆောင်ရေးစရိတ်ကို လျှော့ကျစေကာ ဘင်္ဂလားဒေ့ရှ်၏ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

အဆိုပါ တိုးတက်မှုများကြောင့် တစ်နေ့လျှင် အမေရိကန် ဒေါ်လာ ၁ သန်းခန့် စီးပွားရေးအကျိုးကျေးဇူးရရှိမည်ဟု ဘင်္ဂလားဒေ့ရှ်အရာရှိများက ခန့်မှန်းထားကြောင်း သိရသည်။ **Mon**

## အထက်တန်းကျောင်း နှစ်ကျောင်းမှ အင်ဒိုနီးရှားကျောင်းသား ၈၀ နီးပါး ကျောင်းတွင်းအခမဲ့အစားအစာ စားသုံးပြီးနောက် အစာအဆိပ်သင့်

**ဂျကာတာ ဧပြီ ၂၅**

အင်ဒိုနီးရှားနိုင်ငံသည် ကျောင်းနေအရွယ် ကလေးသူငယ် သန်း ၈၀ကို အခမဲ့နေ့စဉ် ကျွေးမွေးရန် ရည်မှန်းချက်ကြီးစွာဖြင့် လုပ်ဆောင်နေသော်လည်း ယခုအခါတွင် အဆိုပါအစီအစဉ် အတိုင်း အတိအကျမဖြစ်မြောက်သေးကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂျကာတာမြို့တော်၏ တောင်ဘက် ဗိုင်ယန်ဂျာဒေသရှိ အထက်တန်းကျောင်း နှစ်ကျောင်းမှ ကျောင်းသား ၈၀ နီးပါးသည် ယခုအပတ်အတွင်း အဆိုပါအစားအစာများကို စားသုံးပြီးနောက် ဖျားနာခဲ့ကြသည်။

ထိုဖြစ်ရပ်သည် သမ္မတ ပရာဘိုဝိုဆူဘီယန်တိုဦးဆောင်သော အစိုးရ၏ အဓိကမူဝါဒတစ်ခုဖြစ်သည့် အခမဲ့ကျောင်းထမင်းအစီအစဉ်နှင့် ဆက်စပ်နေသည့် အစားအစာအဆိပ်သင့်မှု ဖြစ်စဉ်များထဲမှ နောက်ဆုံးဖြစ်ရပ်တစ်ခုဖြစ်သည်။

အစားအစာပြင်ဆင်မှုတွင် လစ်ဟင်းမှုရှိခဲ့သည်ဟု သံသယရှိကြောင်း အမှုကို စုံစမ်းစစ်ဆေးနေသည့် အာဏာပိုင်များက ထုတ်ဖော်ပြောကြားသည်။

ကျောင်းသားများ၏ အန်ဖတ်နမူနာများကို ဓာတ်ခွဲခန်းစစ်ဆေးမှုအတွက် ပို့ဆောင်ခဲ့ပြီး ချက်ပြုတ်သူများ၊ ထုပ်ပိုးသူများနှင့် ပို့ဆောင်သူများ အပါအဝင် အစားအစာကိုင်တွယ်သူများကို ရဲများက စစ်ဆေးမေးမြန်းခဲ့သည်။

ထမင်းနှင့်အတူ ပါဝင်သည့် ကြက်သားအမျှင်များတွင် အနံ့ဆိုးနေခဲ့သည်ဟု အသက် ၁၆ နှစ်အရွယ် ကျောင်းသားတစ်ဦးက ဒေသခံမီဒီယာများကို ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**

## တိုရှန်တိုမြို့ရှိ ပီယာဆန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်နက်ကိုင် အသက် ၃၀ အရွယ် ယောကျ်ားတစ်ဦး ပစ်သတ်ခံရ

**အော့တဝါ ဧပြီ ၂၅**

ဧပြီ ၂၄ ရက်တွင် တိုရွန်တိုမြို့ရှိ ပီယာဆန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်နက်ကိုင် အသက် ၃၀ အရွယ် ယောကျ်ားတစ်ဦးကို ကနေဒါရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် ရဲအရာရှိနှစ်ဦးက ထိုယောကျ်ားကို ပစ်ခတ်ခဲ့သည်ဟု အွန်တားရီးယိုးရဲတပ်ဖွဲ့၏ အထူးစုံစမ်းစစ်ဆေးရေးဌာနက ထုတ်ပြန်ကြေညာသည်။

ရဲအရာရှိများ ဒဏ်ရာမရရှိခဲ့ဘဲ အများပြည်သူအတွက်လည်း ခြိမ်းခြောက်မှုမရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ယင်းဌာနက ရဲတပ်ဖွဲ့ပစ်ခတ်မှုဆိုင်ရာ အဖြစ်အပျက်များကို စုံစမ်းစစ်ဆေးရန် တာဝန်ယူထားသည်။

ငြင်းခုံရန်ဖြစ်မှုကို ထိန်းချုပ်ရန်တစ်ခုအတွက် ရဲများကိုခေါ်ယူပြီးနောက် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု အာဏာပိုင်များက အတည်ပြုပြောကြားကြောင်း သိရသည်။ **Mon**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Junsei Motojima ဂျပန်မင်းသားက တွဲဖက်သရုပ်ဆောင်၏ အငြင်းပွားဖွယ် ပြဿနာများ ပြောကြားထား



လူကြိုက်များခဲ့သည့် ဂျပန်ဘီအယ်လ်စီးရီး Our Youth နှင့် တွဲဖက်ညီခဲ့သည့် ဂျွန်ဆီမိုတိုဂျီမာက တွဲဖက်သရုပ်ဆောင်ကန်ရှင်းနှင့် ပတ်သက်၍ လက်ရှိဖြစ်ပွားနေသည့် အငြင်းပွားမှုပြဿနာများကို လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျပန်မင်းသား ဂျွန်ဆီမိုတိုဂျီမာက မကြာသေးမီက ထုတ်ပြန်ချက်တစ်ခုတွင် သူ့အနေနှင့် အခြေအနေကို လက်ခံရန် ရုန်းကန်နေရပြီး ယင်းဖြစ်ရပ်ကို စဉ်းစားနေဆဲဖြစ်ကြောင်း ဝန်ခံထားကာ တွဲဖက်သရုပ်ဆောင်ကန်ရှင်းနှင့်ပတ်သက်သည့် သတင်းများကို နားမလည်နိုင်၍ လက်မခံသေးကြောင်း Mi seinen ဇာတ်လမ်းတွဲ၏ ပွဲများဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့သဖြင့် ဘန်ကောက်၊ အိုဆာကာနှင့် တိုကျိုလာမည့် ပရိသတ်များနှင့် မတွေ့နိုင်ဖြစ်ခဲ့၍ တောင်းပန်ကြောင်း တင်ပေးထားသည်။

ဂျွန်ဆီမိုတိုဂျီမာ အဆိုပါ စာရှည်ကို လူမှုကွန်ရက်တွင် တင်ထားပြီး သူလိုချင်သည့်အရာကို အာရုံစိုက်ကာ သူ၏နေ့စဉ်ဘဝအကြောင်းများကို ဆက်လက်တင်ပေးသွားမည်ဟု ရေးသားထားသည်။

(SKY)



### မိုးရေစက်များကဲ့သို့ စီးဆင်းသောရေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်

ပစ္စည်းနှစ်ခုထိတွေ့ကြသောအခါ ၎င်းတို့၏ မျက်နှာပြင်ပေါ်ရှိ အီလက်ထရွန်များသည် ရွေ့လျားနိုင်သည်။

အလားတူပင် ရေသည် အချို့မျက်နှာပြင်များပေါ်တွင် စီးဆင်းသောအခါ အီလက်ထရွန်များကို စုပ်ယူနိုင်သည်။

ထိုအကျိုးသက်ရောက်မှုကို အသုံးပြု၍ ကျဉ်းမြောင်းသောပြွန်အတွင်းမှ မိုးရေစက်များကဲ့သို့ စီးဆင်းသောရေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း ဧပြီလလယ်ပိုင်းတွင် ထုတ်ဝေသည့် အေအက်စ်စီ အလယ်သိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်။

သုတေသနပြုချက်အရ သုတေသီများသည် အဆိုပါစနစ်ဖြင့် အယ်လ်အီးဒီ မီးသီး ၁၂ လုံးကို ထွန်းညှိရန် လုံလောက်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ SCI

## Lim Ji Yeon က Mean Love ဒရမ်မာဇာတ်ကားသစ် ရိုက်ကူးမည်

မင်းသမီး လင်ဂျီယွန်သည် Squid Game မင်းသားလီဂျောင်ဂျေးနှင့်တွဲ၍ Mean Love ဒရမ်မာသစ်ကို ဧပြီလတွင် ရိုက်ကူးရေး စတင်မည်ဖြစ်ကြောင်း ကိုရီးယားဒရမ်မာဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လင်ဂျီယွန်သည် ပြိုင်တူကမ်းလှမ်းခံရသည့် ဇာတ်ကားနှစ်ကားအနက်မှ Mean Love ကို ရွေးခဲ့ရာ အသက်ကွာခြားချက်ရှိသည့် မင်းသား လီဂျောင်ဂျေးနှင့်တွဲဖက်မှုအပေါ် ပရိသတ်စိတ်ဝင်စားနေကြကာ လက်တွေ့ဘဝတွင် လီဂျောင်ဂျေးမှာ လင်ဂျီယွန်၏ စီအီးအိုဖြစ်နေ၍ ဖြစ်သည်။

(SKY)

0-0-0-0-0-0



## Gong Li ၏ Shanghai Triad မှာ Rules of a Clan ကို ပြန်ရိုက်ထား

တရုတ်အနုပညာလောကတွင် အတွဲညီခဲ့သည့် ကျန်းရိမူနှင့် ဂေါင်လီတို့ ပွဲဦးထွက်မှစ၍ ရုပ်ရှင်ကားကို စုစည်းပြီး ထုတ်ခဲ့ကာ Shanghai Triad ကို ဂေါင်လီနှင့်တွဲ၍ လီရှောင်၏ Rules of a Clan ဝတ္ထုကို ပြန်လည်ရိုက်ကူးထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပွဲဦးထွက်ဇာတ်ကား Red Sorghum ကို ၁၉၈၈ က စတင်ခဲ့ကာ ကျန်ရိမူသည် Hero တွင် ဟောင်ကောင်တော့ပ်စတားများသုံးခဲ့ပြီး ၁၆ နှစ်ကြာမှ ၂၀၀၆ ခုနှစ်တွင် ဂေါင်လီနှင့် ပြန်တွဲ၍ Cruse of the Golden Flower၊ ၂၀၁၄ ခုနှစ်တွင် Coming Home တို့ကို ရိုက်ကူးခဲ့သည်။

အဆိုပါဇာတ်ကား Shanghai Triad တွင် ဂေါင်လီ၏ မော်ဆန်သော အလှအပများနှင့် ရိုးရာ ဓလေ့များ ပါဝင်ပြီး ရှန်ဟိုင်းကို ပထမဆုံးရောက်သည့် ဆယ်ကျော်သက်လူငယ်လေးအမြင်ကို တင်ပြထားရာ ဂေါင်လီ၏ ဂန္ထဝင်အလှနှင့် မော်ဆန်သော အလှကို မြင်တွေ့ကြရသည်။ (SKY)






## Lady Gaga ၏ တစ်ကိုယ်တော်ဂီတ Disease မှ Dark Dance Pop ပုံစံဖြစ်

ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါ၏ ခြောက်ခုမြောက်အယ်လ်ဘမ်သစ် Disease မှာ Dark Dance Pop ပုံစံ ဖြစ်၍ ပရိသတ်စိတ်ဝင်စားနေကြသည်။

လေဒီဂါဂါ၏ မြင့်မားသော ဂီတစွမ်းရည်နှင့် အသစ်ထွက်ရှိလာသည့် တစ်ကိုယ်တော်ဂီတသစ်တွင် ယခင်က Bad Romance ထဲမှ လေဒီဂါဂါကို ပြန်လည်မြင်တွေ့ခဲ့ကြရသည်ဟု ပရိသတ်မှတ်ချက်ပေးထားသည်။

လေဒီဂါဂါ၏စတိုင်လ်အသစ်အတိုင်း ပရိသတ်ကို ထူးခြားဆန်းပြားသော တင်ဆက်မှုများနှင့်အတူ ဖက်ရှင်စတိုင်လ်အသစ်နှင့် Disease ကို ပြင်ဆင်ထားရာမှ MI Radio မှတစ်ဆင့် နားဆင်နိုင်ပြီဖြစ်ကြောင်းပါ ကြော်ငြာပေးထားသည်။

(SKY)

0-0-0-0-0-0

## The King တွင် Shah Rukh Khan တို့ သားအဖကို မြင်တွေ့ရ

ဘောလိဝုဒ် ဘုရင်ကြီး ရှာရွတ်ခန်းနှင့်သမီးဖြစ်သူ ဆိုဟာနာခန်းတို့ကို The King ရုပ်ရှင်တွင် အတူမြင်တွေ့ရမည်ဖြစ်ပြီး နမူနာပြသမှုနှင့်ပင် ပရိသတ်စိတ်ဝင်စားနေကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကား မိတ်ဆက်နမူနာပြပွဲတွင် သားအဖနှစ်ဦး၏ အက်ရှင်ကြမ်းကြမ်းများကို မြင်တွေ့ကြရပြီး ဟင်ဒီ၊ တမီးလ်၊ တယ်လူဂူဘာသာစကားသုံးမျိုးနှင့် ထွက်ရှိလာသည်။

ရှာရွတ်ခန်း၏ သားကြီးဖြစ်သူ အာရန်ခန်းမှာလည်း ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးထားကာ သမီး ဆိုဟာနာခန်းက သရုပ်ဆောင်အဖြစ် ဖခင်နှင့်အတူ ပါဝင်ထားသည်။ (SKY)




## Phetthai Vongkumlao ပါဝင်သည့် The Murderer မှာ ဟာသဇာတ်ကားဖြစ်

နာမည်ကျော်ထိုင်းမင်းသား ပတ်ထိုင်ဝမ်ကူလောင် ပါဝင်ထားသည့် The Murderer မှာ ဟာသဇာတ်ကားဖြစ်ကာ မင်းသမီး အီဆာယာပိုဆူဝမ်နှင့်တွဲ၍ သရုပ်ဆောင်ထားသည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

ဟာသနာမည်ကျော် သရုပ်ဆောင် ပတ်ထိုပ်ဝမ်ကူလောင်သည် ရုပ်တည်ကြီးနှင့် ဟာသဉာဏ်ရွှင်ဖြင့် ပရိသတ်ကို ဟာဒရရွှင်ဆေးတိုက်ကျွေးထားသည်။

ထိုင်းနိုင်ငံ၏ လယ်တောအိမ်လေးထဲတွင် ခုနစ်လောင်းပြိုင်လူသတ်မှုဖြစ်ပွားခဲ့၍ သံသယတရားခံကို မိသားစု၏ သမက်ဗြိတိန်နိုင်ငံသားကို တစ်ည လာအိပ်ရာမှ ဖမ်းဆီးရမိခဲ့ပြီး သေနည်းမျိုးစုံနှင့် ဇာတ်လမ်းကိုယ်စီရှိကြသည့် အမှုကို စစ်ဆေးရင်း တရားခံဖော်ထုတ်ပုံကို တင်ဆက်ထားသည်။

(SKY)





မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အဆောက်အအုံများ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှုအခြေအနေများကို မိုးမကျမီလျင်မြန်စွာ ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ကော်မတီမှ အင်ဂျင်နီယာများ လုပ်ငန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲရေးရုံးတွင် ကျင်းပစဉ်။

(မန္တလေးနေ့စဉ်-၃)

## မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဧပြီ ၂၃ ရက် နံနက် ၈ နာရီခွဲက မြို့လယ်လမ်းဆုံနှင့် တောင်တွင်းကြီး - ပြည်လမ်းနှင့် မြို့နယ်လမ်းဆုံတို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစောမောင်၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက လမ်းသွား၊ လမ်းလာ ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်ကျွမ်းမှုများ လျော့နည်းစေရန် ရည်ရွယ်၍ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး လုပ်ငန်းကို လူစည်ကားရာ ဈေး၊ကားဂိတ်နှင့် မြို့ဝင်စစ်ဆေးရေးဂိတ်များတွင် အသိပညာပေး လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)



## ပွင့်ဖြူမြို့နယ်တွင် ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဧပြီ ၂၃ ရက်က မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ငလျင်ဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေး(Talk Show) ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ငလျင်မလှုပ်ခတ်မီနှင့် ငလျင်လှုပ်ခတ်ပြီးချိန်တွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ ငလျင်လှုပ်ခတ်မှုကြောင့် ဆက်စပ်ဖြစ်ပွားနိုင်သည့် လျှပ်စစ်အန္တရာယ်များ မဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ထိခိုက်မှု မဖြစ်စေရေး အသက်ကယ် ရှေးဦးသူနာပြုစုကုသနည်းများ သိရှိအောင် လေ့လာထားရန် စသည့် ငလျင်ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ယခုကဲ့သို့ အသိပညာပေး ဆွေးနွေးပွဲများကျင်းပခြင်း၊ နယ်လှည့်စာကြည့်တိုက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးစေရန် လူငယ်စကားဝိုင်းနှင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

၀-၀-၀-၀-၀-၀-၀




ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု ။

## နှမ်းသီးနှံနှမ်းနှမ်း ၁၃၉၇ ဧက လျာထား စိုက်ပျိုး

**ကျောက်ဆည် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းပဲမျိုးစုံဖူလုံပိုလျှံရေး နွေပဲသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ သင်းတွဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် နွေနှမ်း ၁၃၉၇ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

သင်းတွဲစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းတွင် ကျေးရွာအုပ်စုပေါင်း ၁၄ အုပ်စုရှိပြီး နွေနှမ်းသီးနှံများကို ပြည်တော်သာ ကျေးရွာအုပ်စုတွင် ၁၅၈ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စုတွင် ၁၀၉ ဧက၊ ပုထိုးနီကျေးရွာအုပ်စုတွင် ၁၂၅ ဧက၊ ကုလားချောင်းကျေးရွာအုပ်စုတွင် ၂၁၇ ဧက၊ ငှက်တောင်ကျေးရွာအုပ်စုတွင် ၃၉၃ ဧက၊ ထန်းဇင်တော်ကျေးရွာအုပ်စုတွင် ကိုးဧက၊ အရှေ့ငယ်တိုးကျေးရွာအုပ်စုတွင် ၂၁၂ ဧက၊ ရွှေဒါးကျေးရွာအုပ်စုတွင် ၁၅၁ ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စုတွင် ၂၃ ဧက၊ စုစုပေါင်း ၁၃၉၇ ဧက စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် နွေနှမ်းသီးနှံများကို စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းခြောက်ခုတွင် ဧက ၂၉၀၀၀ လျာထားစိုက်ပျိုးလျက်ရှိပြီး နွေနှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများ လုံလောက်စွာ အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

*-*-*-*-*

*-*-*-*-*-*



## ဆောင်းသီးနှံစုံ ဧက ၅၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

**ကျွန်းလှ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းရာသီ၌ စိုက်ပျိုးသော သီးနှံစုံ ဧက ၅၉၀၀၀ ကျော်ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၁၉၀၆ ဧက၊ ဆီထွက်သီးနှံ ၃၅၂၇၂ ဧက၊ စားဖိုဆောင်သီးနှံ ကိုးဧက၊ အခြားသီးနှံ ၃၇၀၉ ဧက၊ စုစုပေါင်း ၆၀၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

'ဒီနှစ် ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံစုံစိုက်ပျိုးဖို့ ၅၇၃၃၆ ဧကလျာထားပြီး ၆၀၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအခါ သီးနှံစုံ ၅၉၁၇၈ ဧက ရိတ်သိမ်းပြီး ကျန်ရှိတဲ့သီးနှံများ ဆက်လက် ရိတ်သိမ်းနေကြပါတယ်။ ရိတ်သိမ်းချိန်လွန် နည်းပညာများနဲ့ ရိတ်သိမ်းပြီးသီးနှံများ အချိန်မီ အမိုးအကာအောက်ရောက်ရှိရေး ကွင်းဆင်းအသိပညာပေးလျက်ရှိပါတယ်' ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် စပါးအပြင် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ကြသည့်အတွက် ဒေသတွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ တောင်သူများ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၀)



## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးဧက ၉၀၀ကျော် စိုက်ပျိုးပြီးစီး



**တောင်တွင်းကြီး မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆည်ရေသောက်စနစ်ကို အသုံးပြုကာ နွေစပါးဧက ၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ခုနှစ်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်တွင်းကြီးမြို့နယ် အတွင်းရှိ ရန်ပယ်ဆည်ရေသောက်၊ ငမင်ဆည်ရေသောက်စနစ်ဖြင့် နွေစပါးဧက ၈၀၀ကျော်စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ပြီး ယခုအခါတွင် သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကာ စိုက်ပျိုးနွေစပါးဧကများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ (ဓါပုံ)

တောင်တွင်းကြီးမြို့နယ်တွင် အောင်နိုင်တိုး၊ ဆာပိုးသားနွေစပါးမျိုးများကို အဓိကထားစိုက်ပျိုးကြပြီး နွေစပါးစမ်းသပ်စိုက်ကွက်များ၊ စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်များ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစိုက်ကွက်များဖော်ဆောင်၍ စိုက်ပျိုးထားခြင်း၊ မျိုးစေ့ချကိရိယာနှင့် ကောက်စက်စိုက်များဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ ကောက်စိုက်သမားများဖြင့် စနစ်တကျကွင်းဆင်း၍ ကြိုးတန်းစိုက်ပျိုးခြင်းများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများစားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားလာစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ကာ ပြည်ပဈေးကွက်များသို့ တိုးချဲ့လာနိုင်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နွေစပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ရန်ပယ်ဆည်ရေသောက်စနစ်ဖြင့် နွေစပါးဧက ၈၀၀ကျော်၊ ငမင်ဆည်ရေသောက်စနစ်ဖြင့် နွေစပါးဧက ၁၀၀ကျော်၊ စုစုပေါင်းဧက ၉၀၀ကျော် လျာထားဧကထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**နောင်နောင် (မိဿနိုးမြေ)**

## ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ပြုပြင်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းဆိုင်ရာ ဆောင်ရွက်နိုင်ရေး ဟောပြော



**မန္တလေး မေ ၂၅**

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသောအဆောက်အအုံများနှင့်ပတ်သက်၍ ပြုပြင်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဟောပြောပွဲကို မေ ၂၅ရက်၊ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ ၈ထပ်ဆောင်မြေညီထပ်တွင် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဟောပြောပွဲတွင် အောင်ပြည့်တန်ကုမ္ပဏီလီမိတက်မှ စီးပွားရေးဆိုင်ရာ ဒါရိုက်တာ ဦးကျော်သူအောင်နှင့် အထွေထွေမန်နေဂျာ ဦးနေလင်းထက်တို့က ပညာပေးဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးလုပ်ငန်းအသီးသီးမှ အင်ဂျင်နီယာများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးကန်ထရိုက်တာများ၊ စိတ်ပါဝင်စားသူများတက်ရောက်ခဲ့ကြပြီး ငလျင်ကြောင့်ပျက်စီးမှုဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ဆောက်လုပ်ခြင်းလုပ်ငန်းများအား ဆွေးနွေးခဲ့ကြသည်။

**(လှသစ်လေး)**

## ဆေးဝါးများလှူဒါန်းခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေး မေ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သည် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀နှင့် ၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသနိုင်ရန်ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိရာ မေ ၂၄ရက်က ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းရှိ Symbiotic ဆေးကုမ္ပဏီမှ ဒေသမန်နေဂျာ ဦးထက်အောင်စိုးက ဆေးဝါးမျိုးစုံနှင့် ရေသန့်ဘူးများ လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်နှင့် အမှုဆောင်များက လက်ခံရယူကြသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)မှ ဒုတိယဥက္ကဋ္ဌ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်၊ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်သန်း၊ ဒေါက်တာမျိုးခိုင်၊ ဒေါက်တာရန်နိုင်မိုးနှင့်အဖွဲ့သည် မေ ၂၄ ရက်က ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀နှင့် လမ်း၆၀ထောင့်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းရှိ ငလျင်ယာယီကယ်ဆယ်ရေးစခန်းတွင် ဒေသခံပြည်သူများအား ကွင်းဆင်း၍ ကျန်းမာရေးစစ်ဆေးဆေးကုသပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄၅)**





## အောင်မြေသာစံခရိုင်၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၏ ၂၀၂၅ - ၂၀၂၆ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ပွဲအခမ်းအနားကို အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲ ၁နာရီက ကျင်းပခဲ့ရာ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(အပေါ်ပုံ)**

အခမ်းအနားတွင် ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက အောင်မြေသာစံခရိုင်၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများကလည်း ကြီးကြပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူးဒေါ်မြင့်မြင့်ဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်တို့မှမြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား တာဝန်ပေးအပ်ကာ မြို့နယ်အသီးသီးတို့မှလက်ခံရယူခဲ့ကြောင်း သိရသည်။

**(ဝ၉၅)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများ၏ မီတာများကို မီတာဘေလ်ထွက်ထားခြင်းမရှိသလို မီတာခကောက်ခံခြင်းမရှိ

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်း မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးသွားသောအဆောက်အအုံများရှိမီတာများကို မီတာခများကောက်ခံခြင်းမရှိသလို မီတာဘေလ်ထွက်ထားခြင်းလည်းမရှိကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပျက်စီးမှုရှိခဲ့သည့်အပြင် လျှပ်စစ်မီတာအများအပြား ပျက်စီးမှုရှိခဲ့သည်ဟု သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မီတာအလုံးရေပေါင်း ၁၂သိန်းနီးပါး တပ်ဆင်ထားရှိရာမှ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးသွားသည့်မီတာများကို စာရင်းကောက်ယူခဲ့ရာ မီတာအလုံးရေ(၆၀၀၀)ကျော်ပျက်စီးမှုရှိခဲ့သည်ဟု မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ယာပုံ)**

လက်ရှိအချိန်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးနေပြီး နေအိမ်၊ အဆောက်အအုံ ပြိုကျပျက်စီးခြင်းလည်းမရှိ၊ မီတာပျက်စီးခြင်းလည်းမရှိသည့်မီတာများကို လျှပ်စစ်ဓာတ်အားဆက်လက်ပေးထားသည့်အတွက် သုံးစွဲမှုများရှိပါက ပုံမှန်အတိုင်း မီတာခများကို ပေးဆောင်ရမည်ဖြစ်သည်ဟုသိရသည်။

မတ်လအတွင်း လျှပ်စစ်မီတာသုံးစွဲခများကို ဧပြီလ ၁ရက်မှ ၅ရက်အတွင်း မီတာဖတ်ရန်အခက်အခဲများရှိခဲ့သဖြင့် လာမည့်မေလ ၁ရက်မှ ၅ရက်အတွင်း မီတာဖတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ မီတာခ နှစ်လစာ၊ မီတာဘေလ်နှစ်စောင် ထွက်ရှိသွားမည်ဟု သိရသည်။

လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် မိမိတို့၏ နေအိမ်အဆောက်အအုံမှာတပ်ဆင်ထားသည့် မီတာများ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားမှုမှာပါရှိပါက မိမိတို့၏ သက်ဆိုင်ရာလျှပ်စစ်ရုံးများသို့ အသိပေးအကြောင်းကြားရန် နိုးဆော်ထားကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၅**





## စားသောက်ကုန်ပစ္စည်းများ ပြည်သူ့သက်သာဈေး ရောင်းချပေး

**မြစ်သား ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် မြို့မအနောက်ရပ်ကွက်ရှိ မြစ်သားစည်ပင်သာယာ ဈေးအဝင်ပေါက်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများ ပြည်သူ့သက်သာဈေးရောင်းချခြင်းကို ဧပြီ ၂၃ ရက် နံနက် ၇ နာရီက ရောင်းချပေးခဲ့သည်။

ပြည်သူ့သက်သာဈေး ရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အခြေခံစားသောက်ကုန်ရောင်းချသည့်လုပ်ငန်းရှင်များက ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးရာ ဒေသခံပြည်သူလူထုများမှ လာရောက်ဝယ်ယူခဲ့ကြသည်။ ထိုသို့ရောင်းချရာတွင် ဝက်သား တစ်ပိဿာ ငွေကျပ် ၂၆၀၀၀ ဖြင့် ပိဿာပေါင်း ၃၀ အားလည်းကောင်း၊ အမဲသား တစ်ပိဿာ ငွေကျပ် ၂၈၀၀၀ ဖြင့် ပိဿာပေါင်း ၃၀ အားလည်းကောင်း၊ ဆိတ်သား တစ်ပိဿာ ငွေကျပ် ၂၈၀၀၀ ဖြင့် ပိဿာပေါင်း ၂၀ အားလည်းကောင်း၊ ကြက်သား တစ်ပိဿာ ငွေကျပ် ၂၂၀၀၀ ဖြင့် ပိဿာပေါင်း ၃၀ အားလည်းကောင်း၊ ငါး တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ဖြင့် ပိဿာပေါင်း ၂၀ အားလည်းကောင်း၊ ကြက်ဥ တစ်လုံး ငွေကျပ် ၄၅၀ ဖြင့် ၆၀၀ လုံးအားလည်းကောင်း၊ မနောသုခဆန် တစ်ပြည် ၃၃၀၀ ဖြင့် ဆန်အိတ်သုံးအိတ်(ဆန်ပြည်ပေါင်း ၇၂ ပြည်)အားလည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၇၉၀၀ ဖြင့် ပိဿာပေါင်း ၃၃၀ အားလည်းကောင်း၊ ခရမ်းချဉ်သီး တစ်ပိဿာ ငွေကျပ် ၁၀၀၀ ဖြင့် ပိဿာပေါင်း ၁၀၀နှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့အား ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါဈေးရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

*-*-*-*-*-*-*

## အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပ

**ရေနံချောင်း ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ နွေရာသီကာလ အပူရှိန်မြင့်တက်လာမှုကြောင့် ပြည်သူများ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သိရှိလိုက်နာနိုင်ရန်အတွက် ဧပြီ ၂၄ ရက် နံနက်ပိုင်းက ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကြကာ အပူဒဏ်အန္တရာယ် အသိပညာပေးပိုစတာကပ်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို လူစည်ကားရာ ဈေးနှင့်လမ်းဆုံနေရာများတွင် လိုက်လံဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နွေရာသီကာလ အပူဒဏ်အန္တရာယ်ကြောင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားလာကာ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်၊ လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည့်သူများ၊ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များ၊ အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုနည်းများ စသည့် အကြောင်းအရာများပါဝင်သည့် ပိုစတာများကို ပြည်သူများ သိရှိလိုက်နာနိုင်ရန် ဈေးနှင့် လမ်းဆုံများတွင်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေစိုက်ဘုတ်တွင်လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း အသိပညာပေးခဲ့သည်။




ရေနံချောင်းမြို့နယ်သည် မကွေးမြို့နှင့် ချောက်မြို့နယ်အကြားတွင် တည်ရှိပြီး လေးမြို့များသည် ကမ္ဘာ့အပူရှိန်အများဆုံးမြို့များ စာရင်းတွင် ပါဝင်သည့်အတွက် ရေနံချောင်းမြို့နယ်သည်လည်း အဆိုပါမြို့များကဲ့သို့ အပူဒဏ်အန္တရာယ်ကို ကျရောက်ခံစားရကြောင်း ဒေသခံများထံမှ သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာနယ်ရှိ ကွမ်းခြံများ သဘာဝကိုအခြေခံသည့် ကြိုတင်ကာကွယ်ရေးများ လုပ်ဆောင်လာ

အပူဒဏ် မြင့်လာသောကြောင့် မုံရွာနယ် ကွမ်းခြံများတွင် သဘာဝကို အခြေခံသည့်ကြိုတင်ကာကွယ်ရေးများ မဖြစ်မနေ လုပ်ဆောင်လာရကြောင်း ကွမ်းခြံရှင်များထံမှ သိရသည်။

အပူရှိန်မြင့်လာသည့်အတွက် ကွမ်းပင်များ အရောင်ပိုစိမ်းလာပြီး အပင်၏ လုပ်ဆောင်ချက်များ မလုပ်နိုင်သောကြောင့် ကွမ်းစိုက်သူများအနေဖြင့် သဘာဝကို အခြေခံသော ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်လာရခြင်း ဖြစ်သည်။

"အပူဒဏ်လိုတာထက်များသွားရင် လုပ်ငန်းဆောင်တာမှန်သမျှ ခက်ခဲသွားကြတယ်။ အစာချက်တာကအစ ပျက်ကုန်တယ်။ ပူတော့ မောတာပေါ့။ မောတော့ ရေခဏခဏ သောက်နေရတဲ့သဘောပေါ့။ အဲ့ဒါကြောင့် ရေပဲများပေးရတာပေါ့။ အစာမစားနိုင်တော့ အရွက်မထွက်နိုင်ဘူး။ ထွက်လာတဲ့ အရွက်တွေက စိမ်းပြီး သေးသွားတယ်။ အပူချိန်ကို အမှီပြုပြီးဖြစ်လာတဲ့ ပိုးမွှားတွေက ပိုပွားပြီး ပိုကျလာတယ်"ဟု ကွမ်းခြံပိုင်ရှင် ဦးဝင်းနိုင်က ပြောသည်။

လက်ရှိ မုံရွာနယ် ကွမ်းခြံအများစုသည် အပူဒဏ်ခံရသည့်အတွက် ထွက်သည့် ကွမ်းရွက်က ရွက်ချောမရ၊ ရွက်ကောင်းမရဖြစ်ကာ ကွမ်းအထွက်လျော့နေကြောင်း သိရသည်။

"ဝန်းကျင်ဖိစီးခံရတာပါ။ ရာသီဥတုပူရင် မြေပူတယ်။ မြေပူရင် လောင်းတဲ့ရေလည်း ပူတယ်။ လေလည်းပူတယ်။ရေက အငွေ့ပျံပြီး ပျောက်ဆုံးတာတွေ ရှိတယ်။ အထွက်နှုန်းတွေ ကျတယ်။ သစ်ပင်၊ လူ၊ တိရစ္ဆာန်စတာတွေအတူတူပါပဲ။ ဝန်းကျင်ဖိစီးတဲ့ဒဏ်ခံရရင် ပုံမှန်လုပ်ငန်းဆောင်တာတွေမလုပ်နိုင်ဘဲ မောပန်းတာပါ"ဟု ၎င်းက ပြောသည်။

အပူများလာရင် သဘာဝကို အခြေခံသည့် နေရောင်ခြည်များ လျှင် လျော့သွားရန် အရိပ်အမိုးများ ပြင်ထပ်ပေးရသလို နံနက်ခင်းနှင့် ညနေခင်း နေအေးချိန်များတွင် အပင်အောက်မြောင်းထဲမှ ရေသွင်းရုံမက အပေါ်မှ ရေဖျန်းပေးရပြီး လေဝင်လေထွက်ကောင်းရန်လည်း ဖန်တီးပေးရသည်။

အပူချိန်မြင့်တက်၍ ဝန်းကျင်ဖိစီးခံရလျှင် ကွမ်းပင်အမောနှင့် အပူသက်သာစေရန် အီးအမ်-ဖိုက်ငါး အမိုင်နိုဖျန်းရန်လည်း လိုအပ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၉၄)**

*-*-*-*-*-*-*



## ပေါ်ဦးပေါ်ဖျား ဒေသထွက် စိန်တလုံးသရက်သီးများ ဈေးကောင်းရ၍ စိုက်ပျိုးသူများ အဆင်ပြေ

**နတ်မောက် ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများမှ မြို့မဈေးသို့ လာရောက်ရောင်းချကြသည့် ဒေသထွက် စိန်တလုံးသရက်သီးများမှာ ပေါ်ဦးပေါ်ဖျားဖြစ်၍ ဈေးကောင်းရကြောင်း စိုက်ပျိုးရောင်းချသူများက ပြောသည်။

ဒေသနေ ပြည်သူများသည် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် စပါး၊ နှမ်း၊ မြေပဲများနှင့် သီးညှပ်သီးနှံများဖြစ်သည့် နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများအပြင် နှစ်ရှည်ပင်များဖြစ်သည့် သရက်ပင်များကို မိမိတို့၏ယာမြေများတွင် စိုက်ပျိုးထားကြောင်း၊ သရက်များကို စိုက်ပျိုးရာတွင် ဘိုးဘွားများလက်ထက်က ရင်ကွဲသရက်၊ ညှာကောက်သီး၊ စိုင်ပေါင်သီး၊ မချစ်စု၊ ဥသျှစ်သရက်များကို စိုက်ပျိုးထားကြရာမှ စိုက်ပျိုးရေးခေတ်မီလာရာမှ ဈေးကွက်ဝင် စိန်တလုံးသရက်သီးများကို စိုက်ပျိုးလာကြကြောင်း၊ ယခင်က စိန်တလုံးပျိုးပင်များကို မှာယူစိုက်ပျိုးကြပြီး ယခုအခါတွင် ကိုင်းကူးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထားရှိတဲ့ စိန်တလုံးသရက်သီးများရင့်လာကာ မြန်မာနှစ်ဆန်း ၁ ရက်တွင် ရွာသွန်းသည့်မိုးကြောင့် အသီးများ ဝင်းမှည့်လာသဖြင့် ခူးယူရောင်းချရာ ပေါ်ဦးပေါ်ဖျားဖြစ်၍ စိန်တလုံးသရက်သီး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ရောင်းချရကြောင်း စိုက်ပျိုးရောင်းချသူ ဒေါ်စာစာက ပြောသည်။

နတ်မောက်မြို့နယ်တွင် စိန်တလုံးသရက်ကို အင်းကုန်း၊ ကျွဲမင်းကျ၊ စည်သာ၊ မရိုးတော၊ န/လက်ခုပ်ပင်၊ ရွာမွန်၊ ဘုန်းတော်ပြည့်၊ အိုးဘို၊ လက်ပံတုန်းကျေးရွာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မူမူစန်း**



❖ လူငယ်များသည် တိုင်းပြည်၏ အနာဂတ် ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများ ဖြစ်...

❖ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေသည် လာမည့်ငါးရက်အတွင်း ၅ပေခွဲခန့်မြင့်တက်လာနိုင်

မန္တလေး ဧပြီ ၂၅

အထက်ပိုင်းဒေသမြစ်ကြီးနားတွင် မြစ်ရေမြင့်တက်ခြင်းကြောင့် အောက်ဘက်ပိုင်းဒေသဆိပ်ကမ်းအသီးသီးတွင် ဧရာဝတီမြစ်ရေမြင့်တက်လာနိုင်ပြီး မန္တလေးဆိပ်ကမ်းတွင် လာမည့်ငါးရက်အတွင်း ၅ပေ ခွဲခန့်ထိမြင့်တက်လာနိုင်ကြောင်း မိုး/ဇလမှ ထုတ်ပြန်ထားသည်။

မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေသည် ဧပြီ၂၅ရက် တိုင်းထွာချက်အရ ၃၁၆စင်တီမီတာဖြစ်၍ ရေနည်းမှတ်ဖြစ်သည့်(၃၆၀ စင်တီမီတာ)အောက်ရောက်ရှိနေပြီး လာမည့်ရက်များတွင် မြစ်ရေတိုးကာ ရေနည်းမှတ်အထက်ရောက်လာနိုင်သည်ဟု မိုးလေဝသနှင့် ဇလ ဗေဒမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

"အထက်ပိုင်းမှာမြစ်ဖျားခံစီးဆင်းလာတဲ့ မြစ်ကြီးနားမှာ ဧရာဝတီ မြစ်ရေတိုးလာပြီးရင် အောက်ဘက် စီးဆင်းလာမှာပါ။ အောက်ဘက်က ဆိပ်ကမ်းတွေမှာ မြစ်ရေတိုးလာမှာ ဖြစ်လို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှာရေယာဉ်တွေ လှေတွေနဲ့ သဲသောင်ခုံတွေမှာ စိုက်ပျိုးနေထိုင်သူတွေအနေနဲ့ မြစ်ရေတိုးမဲ့အခြေအနေကို ဂရုပြုကြဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ဧပြီ ၂၄ ရက် ၁၂နာရီခွဲ အချိန်တိုင်းထွာချက်များအရ မြစ်ရေသည် ယင်းမြို့၏ မြစ်ရေအမှတ်အထက် ၄၈၈ စင်တီမီတာသို့ ရောက်ရှိခဲ့သဖြင့် တစ်ရက်အတွင်း ၇ပေခွဲခန့် မြစ်ရေမြင့်တက်လာခဲ့ခြင်းကြောင့်



အဆိုပါမြစ်ရေများသည် အောက်ဘက်သို့စီးဆင်းလာခြင်းဖြင့် ဧရာဝတီမြစ်ဆိပ်ကမ်းမြို့များ၏ လက်ရှိ ရေအမှတ်များအထက်သို့ မြင့်တက် လာမည်ဖြစ်သည်။

ဧရာဝတီမြစ်ရေသည် အထက်ပိုင်းဒေသတွင် မြင့်တက်လာရာက နောက်ငါးရက်အတွင်း ဗန်းမော်၊ ရွှေကူ၊ ကသာနှင့် သပိတ်ကျင်းတို့တွင် ၅ပေခွဲမှ ၆ပေခွဲခန့်၊ နောက်ငါးရက်မှ ရှစ်ရက်အတွင်း မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူနှင့် ညောင်ဦးတို့တွင် ၄ ပေခွဲမှ ၅ ပေခွဲခန့်နှင့် ထိုမှတစ်ဆင့် ချောက်၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဇလွန် တို့တွင် ၃ပေမှ ၄ပေခွဲခန့် မြင့်တက်လာနိုင်ကြောင်း မိုး/ဇလမှ ထုတ်ပြန်ထားသည်။

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀



# မြန်မာ့လက်ရွေးစင်ယူ-၂၂ အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့

ရန်ကုန် ဧပြီ ၂၅

ဆီးဂိမ်းအပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်ယူ-၂၂ အသင်းနှင့် MNL League Cup 2025၊ မြန်မာနေရှင်နယ်လိဂ် ၂၀၂၅-၂၀၂၆ ပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယနေ့နံနက်ပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားခဲ့သည့် အဆိုပါ ပွဲစဉ်တွင် လက်ရွေးစင်ယူ-၂၂ အသင်းက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ခြေစမ်းပွဲတွင် လက်ရွေးစင်ယူ-၂၂ အသင်းအတွက် ရွေးချယ်ခံထားရသည့် ဒဂုံစတားယူနိုက်တက်အသင်းမှ ကစားသမားအချို့အနေဖြင့် မိခင်ကလပ်အသင်းနှင့် လက်ရွေးစင်အသင်းအတွက် နှစ်ဖက်စလုံးမှ ပါဝင်ကစားပေးသွားခဲ့ကြောင်း သိရသည်။ (NGB)

## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မေ ၃ ရက်အတွင်း နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ဧပြီ ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း ဧပြီ ၂၈ ရက်မှ မေ ၃ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၇ သို့ ○

၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့ အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

